# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလဆန်း(၉)ရက် ၊ အင်္ဂါနေ့ ၊ (7-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကမ္ဘာ့ဆောင်းခိုငှက်မျိုးစိတ်များကျက်စားရာ ရမ်ဆာရေဝပ်ဒေသ(Ramsar Site) တစ်ခုဖြစ်သည့်မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ငှက်မျိုးစိတ်၁၁၅မျိုးဝင်ရောက်ကျက်စားနေ

ရန်ကုန် ဇန်နဝါရီ ၆

ကမ္ဘာ့ဆောင်းခိုငှက်မျိုးစိတ်များ ကျက်စားရာ ရမ်ဆာရေဝပ်ဒေသ(Ramsar Site) တစ်ခုဖြစ်သည့် မိုးယွန်းကြီးအင်းဘေးမဲ့တောသို့ ဆောင်းခိုငှက်၊ဌာနေရေပျော်ငှက်မျိုးစိတ်များအပါအဝင် ငှက်မျိုးစိတ် ၁၁၅ မျိုး ဝင်ရောက်ကျက်စားနေကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မိုးယွန်းကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ယခုဆောင်းရာသီ၌ အင်းရေပြည့်နေပြီး အနိမ့်ဆုံးနေရာတွင် ရေအနက် ငါးပေကျော်နှင့် အနက်ဆုံးနေရာ၌ ၁၀ ပေကျော်ရှိနေ၍ ဆောင်းခိုငှက်ဝင်ရောက်မှု ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် အနည်းငယ်လျော့နည်းနေသော်လည်း လကုန်ပိုင်းတွင် စာမျက်နှာ ၁၇ ကော်လံ ၁



ရှားပါးငှက်စာရင်းဝင် ဆောင်းခိုငှက်ခရုစုတ်ခေါင်းမည်း(Black– headed Ibis)များကို တွေ့ရစဉ်။

### အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချ နေထိုင်နိုင်ရေး လိုအပ်သည့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်

စာမျက်နှာ- ၂၂

### ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၄၇၂၀၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

စာမျက်နှာ- ၂

### ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ပါဝင်ခွင့်ရရှိမည့် ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမတွင် ကျင်းပ

စာမျက်နှာ- ၁၁

### စဉ်ဆက်မပြတ် လေ့လာသင်ယူမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှု

ဆောင်းပါး

စာမျက်နှာ- ၁၀

### မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၆

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်
အယ်ဒီတာ့အာဘော်

# မင်္ဂလာတရားနှင့်ညီညွတ်သော ဂုဏ်ပြုထိုက်သူ ဂုဏ်ပြုခြင်းများ

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် ကိုယ့်ထီးကိုယ့်နန်းနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲမှုနှင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကိုခံခဲ့ရပြီး လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကိုပါ ဆုံးရှုံးခဲ့ရသည်။ ထိုသို့ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို ပြည်ထောင်စုတိုင်းရင်းသားများအားလုံးက ဖွဲ၊ လုံ့လ၊ သတ္တိအပြည့်ဖြင့် တပ်မတော်နှင့်အတူလက်တွဲပြီး နယ်ချဲ့ကိုလိုနီများကို တွန်းလှန်နိုင်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အဖြစ်ပြန်လည်ရောက်ရှိခဲ့သည်။

ထိုသို့ တိုင်းရင်းသားဘိုးဘေးအစဉ်အဆက် အသက်သွေးချွေးရင်းနှီးပေးအပ်ပြီး လက်ဆင့်ကမ်းခဲ့သည့်လွတ်လပ်ရေးအမွေကို ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်သည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။ ထို့ပြင်လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၏မျှော်မှန်းချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်နိုင်ရေးကိုလည်း အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်ကိုအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းဆောင်ရွက်သည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာအားထုတ်ကြိုးပမ်းခဲ့ကြသူများအပါအဝင် နယ်ပယ်အသီးသီးတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်စွမ်းဆောင်ခဲ့ သူများကို လေးစားတန်ဖိုးထားသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နှစ်စဉ်ဂုဏ်ပြု ချီးမြှင့်မှု ပြုလုပ်လျက်ရှိသည်။

ယခုနှစ် ၇၇ နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် ၂၀၂၄ ခုနှစ် လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့၊ အမျိုးသားအောင်ပွဲနေ့တို့တွင် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးဖြစ်သည့် စည်သူဘွဲ့ နှစ်ဦး၊ သူရဘွဲ့ ကိုးဦး၊ သီရိပျံချီဘွဲ့ ငါးဦး၊ ဇေယျကျော်ထင်ဘွဲ့ သုံးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ၉၆ ဦး၊ အလင်္ကာကျော်စွာဘွဲ့ ငါးဦး၊ သိပ္ပကျော်စွာဘွဲ့ နှစ်ဦး စုစုပေါင်း ၁၂၂ ဦးအား သက်ဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က နိုင်ငံတော်အဆင့်အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ခဲ့သည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံညီညွတ်သည့် အစဉ်အလာကောင်းတစ်ရပ်ပင်ဖြစ်ပါသည်။

ယခုနှစ် ၇၇ နှစ်မြောက်လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်တွင်လည်း ဘာသာသာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် သာသနာ့အာဇာနည်များအား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ၊ ပြည်ထောင်စုစည်သူသင်္ဂဟာဘွဲ့၊ တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့များ၊ စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များကို ဆက်ကပ်ပေးအပ်ထုတ်ပြန်ချီးမြှင့်ခြင်းမှာလည်း မင်္ဂလာရှိသောဆောင်ရွက်မှုဖြစ်သည့်အပြင် ဂုဏ်ပြုထိုက်သူများနှင့်အတူ နှစ်ထောင်းအားရဝမ်းမြောက်ဝမ်းသာ အမှန်ဖြစ်ကြရပါသည်။ ဂုဏ်ပြုထိုက်သူကိုဂုဏ်ပြုခြင်းအစဉ်အလာသည် မင်္ဂလာတရားတော်နှင့်ညီညွတ်သည့်အပြင် နိုင်ငံတော်အတွက် ကျက်သရေမင်္ဂလာတို့နှင့် ပြည့်စုံလှသည့်အစဉ်အလာကောင်းလည်းဖြစ်ပါသဖြင့် လွတ်လပ်ရေးနှင့်အတူ အစွန့်ရှည်တည်တံ့ပါစေကြောင်း မုဒိတာပွားရေးသားလိုက်ရပါသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၄၇၂၀၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၄၇၂၀၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၂၁၄၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၄၇၂၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၃ ဒသမ ၃၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ စပါးဧက ၁၂၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၄၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးအထွက်တိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ်၌ VDP စီမံကိန်းဖြင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**အမရပူရ ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု ကတ္တီပါကျေးရွာ၌ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကတ္တီပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် မြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကတ္တီပါကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၁၄၀၊ အကျယ် နှစ်ပေ၊ အမြင့် ၁၀ ပေရှိ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ စိုက်ပျိုးပြီးစီး

**ငပုတော ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟိုင်းကြီးကျွန်းမြို့မှာ ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဗိုလ်ကိတ်ပဲကို ဧက ၁၈၈၀ လျာထားဧကအတိုင်း စိုက်ပျိုးခဲ့တာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ဗိုလ်ကိတ်ပဲ အထွက်တိုးစေရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မင်းဘူးမြို့နယ် ဇီးအိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး ဇန်နဝါရီ ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးအိုင်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာနေ ပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇီးအိုင်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၄၅၃ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သိန်း ၃၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သိန်း ၃၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ် ၅၁၃ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးအရာရှိဒေါ်ခင်မာဝင်းထံမှ သိရသည်။

ဇင်မာ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁၁၄) ခရေပင်လမ်းနေ ဦးအုန်းမြင့်-ဒေါ်ရတနာမိသားစုက ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၂၂၇၅ ဧက ရိတ်သိမ်းပြီးစီး



မင်းကင်း ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၂၂၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံ စိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၇၅ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂၄ တင်းထွက်ရှိကြောင်းသိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲစင်းငုံ ၂၂၇၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်း တွေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါ တယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုး ကြသလို သီးထပ်သီးညှပ်အနေ နဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန် ကျော်ဝင်းထံမှ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးခွကျေးရွာ အုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ငါးရှဉ့်ပိဿာချိန် ၅၅၀၀၀ ထိသာတင်ပို့ရောင်းချခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချအားကောင်းလာခြင်းသည် ပြည်တွင်းမှ ငါးရှဉ့်များကို ပြည်ပဈေးကွက်သို့ တင်ပို့အားကောင်းသည့် အတွက်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဒီဇင်ဘာလရဲ့ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်ပငါးရှဉ့်တင်ပို့တဲ့ လုပ်ငန်းတွေ ပြန်လည် လည်ပတ်လုပ်ကိုင်လာတာကြောင့်ပါ။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ ရန်ကုန်ကနေတစ်ဆင့် အခြားပြည်တွင်း ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာ ဖြစ်ပါတယ်။ အခုလိုဝယ်ယူအား ကောင်းလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာ တွေ့ရပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်းတင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်အပြင် တရုတ်နှင့်ထိုင်းနိုင်ငံသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေသြဇာ (အပိုင်း-၂၀)

**ပါမောက္ခကိုကိုအောင်**



မြေဆီလွှာဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းဆောင်တာများမှာ အသေးစိတ်ကျလွန်းပြီး အလွန်များပြားလှသလို မြေဆီလွှာအတွင်းရှိ ဗက်တီးရီးယားတို့ကလည်း မရေမတွက်နိုင်အောင် များပြားလွန်းလှသည်။ များပြားလှသော မြေဆီလွှာဆိုင်ရာလုပ်ငန်းများကို ဗက်တီးရီးယားတို့က အဆင့်တစ်ဆင့်ချင်းအလိုက် ခွဲဝေဆောင်ရွက်ကြသည်။ သာဓကအားဖြင့် ဆွေးမြည့်နေသော အပင်တစ်ရှူး အပိုင်းအစကလေးတစ်ခုကိုပင် အပင်အတွက်အစာဖြစ်အောင် ဒြပ်ပေါင်းဖြိုခွဲရာ၌ ရှုပ်ထွေးလှသောအဆင့်များစွာကို ကျော်ဖြတ်ကြရသည်။ ဤမျှခက်ခဲပြီး နက်နဲရှုပ်ထွေးလှသော လုပ်ငန်းအဆင့်အားလုံးကို မည်သည့်ဗက်တီးရီးယားအမျိုးအစားကမျှ အစမှအဆုံးထိတိုင် ဆောင်ရွက်ခြင်းမရှိကြပေ။ အဆိုပါ ရှုပ်ထွေးလှသောလုပ်ငန်းစဉ်အားလုံးကို မည်သည့်ဗက်တီးရီးယားအမျိုးအစားကမျှလည်း အစအဆုံးဆောင်ရွက်ရန် မလိုအပ်ပေ။

မြေဆီလွှာအတွင်း မှီတင်းရှင်သန်နေထိုင်ကြကုန်သော ဗက်တီးရီးယားတို့မှာ မရေမတွက်နိုင်အောင်ပင် များပြားလွန်းလှသည့် အားလျော်စွာ ရှုပ်ထွေးနက်နဲသော မြေဆီလွှာတွင်းလုပ်ငန်းစဉ်တစ်ခုစီကို တာဝန်ယူလုပ်ဆောင်နိုင်သော ဗက်တီးရီးယားအစုအဖွဲ့တို့ကလည်း များစွာပင်ရှိနေကြသည်။ ဗက်တီးရီးယားအစုအဖွဲ့တစ်ခုက လုပ်ငန်းစဉ်တစ်ခု၊ နှစ်ခုမျှကို လုပ်ကိုင်ဆောင်ရွက်ပြီးသည်နှင့် ဆက်လက်တာဝန်ယူဆောင်ရွက်မည့် နောက်အစုအဖွဲ့တစ်ခုက တာဝန်လွှဲပြောင်းယူကာ ဆက်လက်လုပ်ဆောင်ကြသည်။ လူ့အဖွဲ့အစည်းအတွင်းရှိ ကုန်ထုတ်လုပ်ငန်းကြီးများ ဆောင်ရွက်ကြပုံနှင့် အလွန်တူလှသည်။

စက်မှုကုန်ထုတ်လုပ်ငန်းများ၌ အဆင့်တစ်ဆင့်ချင်းအလိုက် တာဝန်ခွဲဝေဆောင်ရွက်ကြသည့်အခါ ထုတ်ကုန်အရည်အသွေးက ထပ်တူထပ်မျှဖြစ်လာသလို လုပ်သားတို့၏စွမ်းဆောင်ရည်များကလည်း ပိုမိုတိုးတက်ကာ ပို၍ကျွမ်းကျင်လာကြသည်။ အလုပ်ကိုလည်း လျင်မြန်စွာပြီးစီးစေသည့်အပြင် စနစ်ကျသော လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်လာသည်။ မြေဆီလွှာတွင် ဗက်တီးရီးယားတို့ကလည်း ကုန်ထုတ်လုပ်သည့် စက်ရုံကြီးသဖွယ် အဆင့်တစ်ဆင့်ချင်းအလိုက်၊ အစုအဖွဲ့များအလိုက် တာဝန်ခွဲဝေဆောင်ရွက်ကြသည့်အတွက် မြေဆီလွှာ၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများကလည်း လျင်မြန်သွက်လက်လာသည်။

စက်မှုကုန်ထုတ်လုပ်ငန်းများ၏ ထုတ်လုပ်မှုအဆင့်များနှင့် လုပ်ကိုင်ဆောင်ရွက်ပုံတို့သည် ထုတ်လုပ်မည့် ထုတ်ကုန်အပေါ်၌ မူတည်နေသလိုပင် ဗက်တီးရီးယားတို့၏ လုပ်ငန်းစဉ်အဆင့်များနှင့် လုပ်ပုံလုပ်နည်းတို့ကလည်း ၎င်းတို့ဖြိုခွဲပေးရမည့် ပစ္စည်းအပေါ်၌ မူတည်လျက်ရှိသည်။ မြေဆီလွှာထဲ၌ ဖြိုခွဲပေးရန် လိုအပ်သောပစ္စည်းများမှာ တွင်းထွက်ပစ္စည်းများနှင့် အော်ဂဲနစ်ပစ္စည်းများ ဖြစ်ကြသည်။

အော်ဂဲနစ်ပစ္စည်းများထဲ၌ပင် ကာဗွန်ဒြပ်ပေါင်းများနှင့် နိုက်ထရိုဂျင်ဒြပ်ပေါင်းများဟူ၍ ကွဲပြားနေသည်ဖြစ်၍ ဗက်တီးရီးယားတို့က ဖြိုခွဲပေးရမည့် ပစ္စည်းများမှာ တွင်းထွက်ပစ္စည်းများ၊ ကာဗွန်ဒြပ်ပေါင်းများနှင့် အလွန်ရှုပ်ထွေးလှသော နိုက်ထရိုဂျင်ဒြပ်ပေါင်းများဟူ၍ သုံးမျိုးကွဲပြားလျက်ရှိသည်။ ၎င်းပစ္စည်းတစ်မျိုးစီကို ဗက်တီးရီးယားအမျိုးအစားတစ်မျိုးစီက ဖြိုဖျက်ပေးကြမည်ဖြစ်သော်လည်း ၎င်းတို့တွင် လူတို့၏ကုန်ထုတ်စက်ရုံများကဲ့သို့ ဌာနခွဲ အလုပ်ရုံခွဲများ သီးသန့်စီမရှိကြသည့်အတွက် ဗက်တီးရီးယား အမျိုးအစားတစ်မျိုးနှင့်တစ်မျိုး၊ အုပ်စုတစ်စုနှင့်တစ်စု စုပုံရောထွေးလျက်ရှိနေကြသည်။

ထိုကဲ့သို့ ရောထွေးလျက်ရှိနေကြခြင်းကြောင့် ၎င်းတို့၏ လုပ်ငန်းများကလည်း ရောထွေးကာ ချွတ်ချော်မှုများစွာရှိနေလိမ့်မည် ထင်မှတ်စရာဖြစ်နေသည်။ သို့ရာတွင် တကယ့်လက်တွေ့ကျကျ အသေးစိတ်အနှစ်ကို လေ့လာသုတေသနပြုကြည့်ရာတွင်မူ ၎င်းဗက်တီးရီးယားများသည် အမျိုးအစားအလိုက် အစုအဖွဲ့အလိုက် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ကြရာတွင် အလွန်ကျွမ်းကျင်မှုရှိကြကြောင်းနှင့် လူသားတို့က ထင်မှတ်မထားအောင်ပင် ပြောင်မြောက်သော စွမ်းဆောင်ရည်များ ရှိကြကြောင်း တွေ့ရှိရသည်။ ဗက်တီးရီးယားတို့၏ စွမ်းဆောင်ရည်များကြောင့်ပင် လူနှင့်တိရစ္ဆာန်တို့အတွက် အာဟာရများဖြစ်ကြသည့် ကောက်ပဲသီးနှံများနှင့် အပင်ကြီးအသွယ်သွယ်တို့ ပေါက်ရောက်ရှင်သန်နိုင်သော မြေဆီလွှာနှင့် မြေသြဇာများက အသင့်ဖြစ်ပေါ် တည်ရှိနေကြရသည်။

မြေဆီလွှာအတွင်းရှိ မြေမှုန့်များ၏ အလွန်ကျယ်ပြန့်သော မျက်နှာပြင်ဧရိယာများမှနေ၍ ဗက်တီးရီးယားတို့က အကျိုးသက်ရောက်မှု ကြီးမားသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဗက်တီးရီးယားတို့အတွက် မြေမှုန်များ၏ပတ်ပတ်လည်၌ရှိသည့် ရေတွင်ပေါလောမျောလျက်ဖြစ်စေ၊ မြေမှုန့်များပေါ်၌ ဖုံးအုပ်လျက်ဖြစ်စေ ပါရှိနေကြသောကြောင့် နေရာကောင်း တစ်နည်းအားဖြင့် အကွက်အကွင်းကောင်းသောနေရာများ၌ ရှိနေကြသည့်အားလျော်စွာ တိုက်ရိုက်နည်းဖြင့်လည်းကောင်း၊ သွက်ဝိုက်သောနည်းဖြင့်လည်းကောင်း အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်ပေးနေကြသည်။

တိုက်ရိုက်နည်းလမ်းဆိုသည်မှာ တွင်းထွက်ပစ္စည်းများကို ဗက်တီးရီးယားတို့က ကိုယ်တိုင်ပြုခဲ့ပေးကြခြင်းဖြစ်ပြီး၊ သွယ်ဝိုက်သောနည်းဆိုသည်မှာကား ကျောက်စကျောက်နများကို ဗက်တီးရီးယားတို့က ကိုယ်တိုင်မပြုဘဲ ၎င်းတို့မှ ဖြစ်ပေါ်လာသော ပစ္စည်းများက ဖြိုခွဲပေးခြင်းဖြစ်သည်။ တိုက်ရိုက်ဖြိုခွဲခြင်းတွင် ဗက်တီးရီးယားတို့က တွင်းထွက်ပစ္စည်းများအဖြစ် ပြန်လည်စွန့်ထုတ်ခြင်းနှင့် တွင်းထွက်ပစ္စည်းများက ဗက်တီးရီးယားဆဲလ်များအတွင်းသို့ ရောက်ရှိသွားကြပြီးနောက် ၎င်းတို့သေကျေပျက်စီးသွားသည့်အခါ၌ အပြင်သို့ ပြန်လည်ရောက်ရှိလာခြင်းတို့ ပါဝင်သည်။

တွင်းထွက်ပစ္စည်းများကို ဖြိုခွဲပေးသည့် ဗက်တီးရီးယား အမျိုးအစားများစွာရှိကြပြီး၊ ၎င်းတို့ဖြိုခွဲပေးသည့် ဖော့စဖရတ်၊ သံ၊ ကန့် စသောဒြပ်စင်များအပေါ်မူတည်ကာ သိပ္ပံပညာရှင်တို့က အမည်များပေးထားကြသည်။ ဗက်တီးရီးယားတို့၏ဆောင်ရွက်မှုကြောင့် တွင်းထွက်ဒြပ်စင်များက ရေ၌မည်ရွေ့မည်မျှ ပျော်ဝင်သွားသည်ကို တပ်အပ်သေချာမပြောနိုင်သော်လည်း အလွန်ပင်အရေးပါအရာရောက်သည်ကိုမူ သိပ္ပံပညာရှင်တို့က ကောင်းစွာလက်ခံထားကြသည်။

မြေတွင်း ဗက်တီးရီးယားအားလုံးတို့သည် ကာဗွန်ဒိုင်အောက်ဆိုက် အမြောက်အမြားကိုလည်း ဖန်တီးပေးနိုင်စွမ်းရှိကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည် မြေဆီလွှာအတွင်းရှိ ရေထဲ၌ ပျော်ဝင်သွားပြီး ထိုရေကို အက်စစ်ဂုဏ်သတ္တိနှင့် ပြည့်စုံလာစေသည်။ ထိုကဲ့သို့ အက်စစ်ဂုဏ်သတ္တိနှင့် ပြည့်စုံလာသောရေသည် အရာဝတ္ထုများကိုပျော်ဝင်စေနိုင်သော အစွမ်းသတ္တိကြီးမားလာပြီး အပင်များက အသုံးပြုနိုင်သော တွင်းထွက်ပစ္စည်းပမာဏကိုလည်း ပိုမိုများပြား တိုးပွားလာစေသည်။

တွင်းထွက်ပစ္စည်းများကို အပင်များက အသုံးပြုနိုင်သော ပစ္စည်းများဖြစ်လာအောင် ဗက်တီးရီးယားတို့က ဆောင်ရွက်ပေးနေကြသည့် နည်းလမ်းနှစ်သွယ်အနက် သွက်ဝိုက်သောနည်းလမ်းက ပို၍ပင်အရေးကြီးသည်ဟုဆိုရမည်ဖြစ်သည်။ သွယ်ဝိုက်သောနည်းလမ်းသည် တိုက်ရိုက်ဖြိုခွဲသည့် နည်းလမ်းလောက် မကောင်းသော်လည်း ၎င်းတို့ကြောင့် ဖြစ်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်၏ပမာဏက အလွန်ပင်များပြားလှသည့်အတွက် တွင်းထွက်ပစ္စည်းများကို မြေဆီလွှာအတွင်းရှိ ရေထဲ၌ ပျော်ဝင်သွားစေနိုင်သော အစွမ်းသတ္တိကို အလိုအလျောက် ရရှိလာစေသည်။

ဤနည်းအားဖြင့် မြေဆီလွှာအတွင်းရှိ ဗက်တီးရီးယားတို့သည် သွယ်ဝိုက်သောနည်းလမ်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို ထုတ်လုပ်ပေးကြကာ ၎င်းကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များက မြေဆီလွှာထဲရှိရေ၌ ပျော်ဝင်ခြင်းကြောင့် ဖြစ်ပေါ်လာသော အက်စစ်ဓာတ်က တွင်းထွက်ပစ္စည်းများကို ပျော်ဝင်စေပြီး အပင်စာများကို ထုတ်လုပ်ပေးလျက်ရှိနေကြသည်။ ဤဖြစ်စဉ်တစ်လျှောက်လုံးသည် ဗက်တီးရီးယားတို့က ဆောင်ရွက်သည့် သွယ်ဝိုက်သောနည်းလမ်းကြောင့် မြေဆီလွှာအတွင်း၌ အပင်ကို အကျိုးပြုသော အော်ဂဲနစ်အက်စစ်များ ဖြစ်ပေါ်လာမည့် အရေးကြီးသော ဖြစ်စဉ်ကြီးတစ်ရပ်ပင် ဖြစ်ပေသည်။

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုသိမ် ဇန်နဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၄၄၅၂ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင်သီးနှံစုံ ၁၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ဒီနှစ် ဆောင်းသီးနှံစိုက်ရာသီ သာပေါင်းမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၄၄၅၂ ဧက လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ၁၀၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်အသီးအနှံတွေ စိုက်ပျိုးနိုင်စေဖို့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ အသီးအနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်''ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

အဆိုပါစားဖိုဆောင်သီးနှံ ၄၄၅၂ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံ၊ ဟင်းနုနယ်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန် စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဓာတ်မြေသြဇာများ စနစ်တကျသုံးစွဲတတ်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စားဖိုဆောင်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၁၆၆၇ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုန်ညင်းနှင့်ပန်းနှမ်း ၁၆၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မုန်ညင်းနှင့်ပန်းနှမ်း ၁၆၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၆၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ပန်းနှမ်းနဲ့မုန်ညင်းကို နှစ်စဉ်စိုက်ပျိုးမှုတွေ ရှိကြပါတယ်။ ပန်းနှမ်းနဲ့မုန်ညင်းကို ဆီအဖြစ်အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်။ ဒီနှစ် ဆောင်းကာလ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပန်းနှမ်းနဲ့မုန်ညင်း၁၆၃၇ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ၁၆၆၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြသည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် မုန်ညင်းနှင့်ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် မုန်ညင်း ၁၂၈ ဧက၊ ပန်းနှမ်း ၁၈ ဧက၊ လဟယ်မြို့နယ်တွင် မုန်ညင်း ဧက ၁၀၀၊ ထန်ပါခွေမြို့တွင် မုန်ညင်း ၂၈ ဧက၊ နန်းယွန်းမြို့နယ်တွင် မုန်ညင်း ၆၃၉ ဧက၊ ဒုံဟီးမြို့တွင် မုန်ညင်း ၃၂၈ ဧက၊ ပန်းနှမ်း သုံးဧကနှင့် ပန်ဆောင်မြို့တွင် မုန်ညင်း ၄၂၃ ဧက စုစုပေါင်း ၁၆၆၇ ဧကတို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် မုန်ညင်း ဧက ၃၆၀၊ ပန်းနှမ်း ၁၅ ဧက၊ လဟယ်မြို့နယ်တွင် မုန်ညင်း ၉၅ ဧက၊ ထန်ပါခွေမြို့တွင် မုန်ညင်း ၂၈ ဧက၊ နန်းယွန်းမြို့နယ်တွင် မုန်ညင်း ၃၇၉ ဧက၊ ဒုံဟီးမြို့တွင် မုန်ညင်း ဧက ၃၆၀၊ ပန်းနှမ်း ၁၀ ဧကနှင့်ပန်ဆောင်မြို့တွင် မုန်ညင်း ဧက ၃၉၀ စုစုပေါင်း ၁၆၃၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ပန်းနှမ်းနှင့်မုန်ညင်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံပြီး ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေများရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ မုန်ညင်းနှင့် ပန်းနှမ်းတို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## တောင်တွင်းကြီးမြို့နယ် ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ညောင်နီပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ချေးငွေစာချုပ်ပါအတိုင်း အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိ၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃- ၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၉ ဦးကိုငွေကျပ်သိန်း ၂၇၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကိုငွေကျပ် ၁၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

နွံ့ယဉ်

## စိတ်စေရာ

\- လူနေသော် ချုံကြား
ဘုံဖျားသို့ စိတ်စေရာ။

\- လူအနံ့စား စိတ်အနံ့စားနဲ့
လူချုံကြား စိတ်ချုံကြားဆို
နိမိတ်မှုန်ဝါး မေးမှိန်လို့
သေးသိမ်ကာ ဘဝအနုတ်
ဆုတ်ယုတ်မည်သာ။

\- ရိုးရိုးကျင့်
မြင့်မြင့်ကြံ တေးလင်္ကာအရ
ရေးစဉ်လာ ညွှန်းစာသားဟာဖြင့်
အလကားတော့ မဟုတ်ပါ
အထုပ်ရတနာ စိန်ရွှေအလား။

\- စိတ္တေန ပကတိအခြေ
နိယျတေ လောကောတဲ့
သဘောအနက် ရှုမြင်ပဲ့
ယခုပင် မင့် မခမာန်နဲ့
လုံ့လသန် စိတ်တံခွန်လွှားလျှင်ဖြင့်
စိတ်ညွှန်သွားရာ ကိုယ်လိုက်ပါလို့
အလိုထိုက်ရာ ခရီးပေါက်
ရောက်လိမ့်ဘုံဖျား။ ။

**ချစ်စုအောင်**

**စိတ္တေန နိယျတေ လောကော(ပါ) = စိတ်သည် လောကကို ဆွဲဆောင်အပ်၏။**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ကနေဒါဝန်ကြီးချုပ် ထရူဒိုး ရာထူးမှနုတ်ထွက်ပေးမည့် အစီအစဉ်ကို မကြာမီကာလအတွင်းကြေညာဖွယ်ရှိ

**အော့တဝါ ဇန်နဝါရီ ၆**

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒိုးအနေဖြင့် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည့်အစီအစဉ်ကို မကြာမီကာလအတွင်း ကြေညာဖွယ်ရှိကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကနေဒါမီဒီယာများ၏ အဆိုအရ ဝန်ကြီးချုပ်ထရူဒိုးအနေဖြင့် ရာထူးမှ နုတ်ထွက်ပေးမည့် အစီအစဉ်ကို ဇန်နဝါရီ ၁၃ ရက်တွင် ကြေညာဖွယ်ရှိသည်။

ဝန်ကြီးချုပ်ရာထူးကို ကိုးနှစ်ကြာရယူပြီးနောက် ဝန်ကြီးချုပ်ဂျပ်စတင်ထရူဒိုးအနေဖြင့် လက်ရှိအာဏာရ လစ်ဘရယ်ပါတီ၏ ခေါင်းဆောင်အဖြစ်မှ နုတ်ထွက်ပေးရန် စဉ်းစားထားကြောင်း ကနေဒါအစိုးရ သတင်းအရင်းအမြစ်များက မီဒီယာများသို့ပြောကြားထားသည်။

ကနေဒါနိုင်ငံ၏ ဥပဒေများအရ လက်ရှိအာဏာရပါတီများမှ ခေါင်းဆောင်များ အနေဖြင့် ဝန်ကြီးချုပ်ရာထူးရယူခွင့်ရှိသည်။

ယခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည့် ကနေဒါလွှတ်တော် ရွေးကောက်ပွဲများ၌ လစ်ဘရယ်ပါတီအနေဖြင့် အတိုက်အခံ ကွန်ဆာဗေးတစ်ပါတီကို အရေးနိမ့်မည့်အလားအလာများ နေချိန်တွင် လစ်ဘရယ်ပါတီဥက္ကဋ္ဌအဖြစ်မှ ဂျပ်စတင်ထရူဒိုး နုတ်ထွက်မည်ဟူသောသတင်းများပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဂျပ်စတင်ထရူဒိုး နုတ်ထွက်ခဲ့ပါက လစ်ဘရယ်ပါတီအနေဖြင့် ခေါင်းဆောင်သစ် တစ်ဦးကို ရွေးချယ် တင်မြှောက်ရဖွယ်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ဘရာဇီးခရစ်ယာန်သီလရှင်ဆရာမကြီး ကမ္ဘာ့အသက်အကြီးဆုံး လူပုဂ္ဂိုလ်ဖြစ်လာ

**ဆော်ပေါ်လို ဇန်နဝါရီ ၆**

သက်ရှိထင်ရှားရှိဆဲ ကမ္ဘာ့အသက်အကြီးဆုံး လူပုဂ္ဂိုလ်မှာ ဘရာဇီးနိုင်ငံမှ ခရစ်ယာန်သီလရှင်ဆရာမကြီးတစ်ဦးဖြစ်လာကြောင်း ဇန်နဝါရီ ၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အင်နာကာနာဘားရိုး အမည်ရှိ အဆိုပါ သီလရှင်ဆရာမကြီးသည် ၁၉၀၈ ခုနှစ် ဇွန် ၈ ရက်တွင် မွေးဖွားခဲ့သူဖြစ်ရာ လက်ရှိအချိန်တွင် အသက် ၁၁၆ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

သီလရှင်ဆရာမကြီး အင်နာကာနာဘားရိုးကို ကမ္ဘာ့အသက်အကြီးဆုံးလူပုဂ္ဂိုလ်အဖြစ် အမေရိကန်နိုင်ငံအခြေစိုက် longevi Quest အမည်ရှိ အဖွဲ့အစည်းက သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အင်နာကာနာဘားရိုး သည် ယခင် ကမ္ဘာ့အသက်အကြီးဆုံး လူပုဂ္ဂိုလ်အဖြစ် ဂင်းနစ်မှတ်တမ်းဝင်ခဲ့သော ဂျပန်အမျိုးသမီးကြီး တိုမီကိုအီတိုကာ ကွယ်လွန်ခဲ့ပြီးနောက် သက်ရှိထင်ရှားရှိဆဲ ကမ္ဘာ့အသက်အကြီးဆုံးလူပုဂ္ဂိုလ်အဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

တိုမီကိုအီတိုကာသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၉ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၁၁၆ နှစ်ရှိပြီဖြစ်သည်။

လက်ရှိ ကမ္ဘာ့အသက်အကြီးဆုံးလူပုဂ္ဂိုလ်သီလရှင်ဆရာမကြီး အင်နာကာနာဘားရိုးသည် ဘရာဇီးတောင်ပိုင်း၌ မွေးဖွားခဲ့ပြီး ဆယ်ကျော်သက် အရွယ်မှာပင် သီလရှင်ဝတ်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိ နှစ်စဉ်သွားရောက်မြဲ ခရီးစဉ်ဖြစ်သည့် အာဖရိကခရီးစဉ်စတင်



**ပေကျင်း ဇန်နဝါရီ ၆**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် နှစ်စဉ်သွားရောက်မြဲ ခရီးစဉ်ဖြစ်သည့် နှစ်ကူးကာလ အာဖရိကခရီးစဉ်ကို ဇန်နဝါရီ ၅ ရက်တွင် စတင်ခဲ့သည်။

ပြီးခဲ့သည့် ၃၅ နှစ်တာကာလအတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး အဆက်ဆက်တို့သည် နှစ်ကူးကာလ အာဖရိကခရီးစဉ်များကို အစဉ်အလာအားဖြင့်သွားရောက်ခဲ့ကြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၏ လက်ရှိတရုတ်ခရီးစဉ်သည် ဇန်နဝါရီ ၅ရက်မှ ဇန်နဝါရီ ၁၁ ရက်ထိ ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ ခရီးစဉ်အတွင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် နမီးဘီးယားနိုင်ငံ၊ ကွန်ဂိုသမ္မတနိုင်ငံ၊ ချက်သမ္မတနိုင်ငံနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့သို့ ဝင်ရောက်မည်ဖြစ်သည်။

အာဖရိကတိုက်၌ အမေရိကန်နိုင်ငံနှင့် ဥရောပတိုက်တို့၏ ဩဇာများကျဆင်းလာချိန်တွင် တရုတ်နိုင်ငံ၏ ဩဇာမှာ အာဖရိက၌ တဖြည်းဖြည်းအားကောင်းလာခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အာဖရိကတိုက်အတွက်ဘဏ္ဍာရေးအကူအညီများလည်း မြှင့်တင်ပေးအပ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အိုင်အမ်အက်ဖ်ထံမှ ဘဏ္ဍာရေးအကူအညီအဖြစ် ဒေါ်လာ တစ်ဘီလီယံကျော် အီဂျစ်နိုင်ငံ ယခုလတွင် ရရှိနိုင်

**ကိုင်ရို ဇန်နဝါရီ ၆**





အီဂျစ်နိုင်ငံအနေဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)ထံမှ ဘဏ္ဍာရေးအကူအညီအမေရိကန်ဒေါ်လာ ၁ ဒသမ ၂ဘီလီယံကို ယခုလအတွက် လက်ခံရရှိဖွယ်ရှိကြောင်း အီဂျစ်ဘဏ္ဍာရေးဝန်ကြီး အာမက်ကိုချောက်က ဇန်နဝါရီ ၅ ရက်တွင် ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ဘဏ္ဍာရေးအကူအညီအဖြစ် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံကို အရစ်လိုက်ခွဲ၍ ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘဏ္ဍာရေးအကူအညီ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံအနက် ၁ ဒသမ ၂ ဘီလီယံကို ယခုလအတွင်းရရှိနိုင်ကြောင်း အီဂျစ်ဘဏ္ဍာရေးဝန်ကြီးက မီဒီယာများသို့ထုတ်ဖော်ပြောကြားထားသည်။

အိုင်အမ်အက်ဖ် အလုပ်အမှုဆောင် ဘုတ်အဖွဲ့အစည်းအဝေးကို ယခုလအတွင်း ကျင်းပမည်ဖြစ်ရာ မိမိတို့အနေဖြင့် ယခုလအတွင်းမှာပင် ဘဏ္ဍာရေးအကူအညီဒေါ်လာ ၁ ဒသမ ၂ဘီလီယံကို ရရှိနိုင်ကြောင်း အီဂျစ်ဘဏ္ဍာရေးဝန်ကြီးက ခန့်မှန်းထားသည်။

အီဂျစ်နိုင်ငံသည် ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားမှုပြဿနာ၊ နိုင်ငံခြားငွေပြတ်လပ်မှုပြဿနာတို့နှင့် ရင်ဆိုင်နေရချိန်တွင် စူးအက်တူးမြောင်းဝင်ငွေကျဆင်းမှုနှင့်ပါ ရင်ဆိုင်ခဲ့ရသည်။

သို့ဖြစ်ရာ အီဂျစ်နိုင်ငံအနေဖြင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ဘဏ္ဍာရေးအကူအညီရယူထားရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဆိုးလ်မြို့သို့ရောက်နေချိန် တာလတ်ပစ်ဒုံးကျည်စမ်းသပ်မှု မြောက်ကိုရီးယားပြုလုပ်

**ဆိုးလ် ဇန်နဝါရီ ၆**

မြောက်ကိုရီးယားနိုင်ငံသည် ယနေ့တွင် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအန်တိုနီဘလင်ကန် ရောက်ရှိနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်စမ်းသပ်မှုတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီ ၆ ရက်တွင် တာလတ်ပစ်ဒုံးကျည်အဖြစ် ယူဆရသော ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံက ပစ်လွှတ်ခဲ့သည့် အဆိုပါဒုံးကျည်သည် အကွာအဝေးမိုင်ပေါင်း ၆၉၀ထိ ပျံသန်းခဲ့ပြီးနောက် ပင်လယ်ရေပြင်အတွင်းသို့ ကျရောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား၏ ယနေ့ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယားတို့ကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် လိုအပ်ပုံကို ပြသလျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ပြောကြားခဲ့သည်။

ယနေ့ဒုံးကျည် စမ်းသပ်မှုသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်နောက်ပိုင်း မြောက်ကိုရီးယား၏ ပထမဆုံး ဒုံးကျည်စမ်းသပ်မှုဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်ဒုံးပျံသစ်တစ်မျိုးကို ဇန်နဝါရီလအတွင်း ပွဲဦးထွက်လွှတ်တင်ရန် စီစဉ်ထား



ပေကျင်း ဇန်နဝါရီ ၆

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်ဒုံးပျံသစ်တစ်မျိုးကို ဇန်နဝါရီလအတွင်း ပွဲဦးထွက်လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီက ၂၀၂၅ ခုနှစ်အတွက် ပထမဆုံးလွှတ်တင်မည့်အာကာသ မစ်ရှင်များထဲတွင် လောင်းမတ်ချ်-၈ အေ ဒုံးပျံသစ်မစ်ရှင်လည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါဒုံးပျံသစ်ကို ဇန်နဝါရီ ၁၉ ရက်တွင် တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ဖွယ်ရှိသည်။

လောင်းမတ်ချ်-၈ အေ ဒုံးပျံသည် လက်ရှိသုံးစွဲနေသော လောင်းမတ်ချ်-၈ ဒုံးပျံ၏ မူကွဲတစ်မျိုးဖြစ်သော်လည်း စွမ်းဆောင်ရည်ပိုမြင့်မားကြောင်း သိရသည်။

လောင်းမတ်ချ်-၈ အေ ဒုံးပျံသစ်သည် အလေးချိန်ကီလိုဂရမ် ၅၀၀၀ နှင့် ၇၀၀၀ ကြားရှိ ဂြိုဟ်တုနှင့်အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၇၀၀ အကွာရှိ ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်ပြီး လောင်းမတ်ချ်-၈ အေ ဒုံးပျံသစ်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ ဒုံးပျံနည်းပညာအကယ်ဒမီမှ ပညာရှင်များက တည်ဆောက်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## လကမ္ဘာ၏သံလိုက်စက်ကွင်းနယ်မြေက လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၈ သန်းခန့်ထိ တည်တံ့ခဲ့

ပေကျင်း ဇန်နဝါရီ ၆

လကမ္ဘာ၏သံလိုက်စက်ကွင်းနယ်မြေသည် လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၈ သန်းခန့်ထိ တည်တံ့ခဲ့ကြောင်း တရုတ်သိပ္ပံပညာရှင်များက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

တရုတ် သိပ္ပံပညာရှင်များ၏ အဆိုအရ လကမ္ဘာ၏သံလိုက်စက်ကွင်းအင်အားသည် လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၈ သန်းခန့်ထိ နှစ်မိုက်ခရိုတက်စလာနှင့် လေးမိုက်ခရိုတက်စလာကြား ရှိနေခဲ့ဖြစ်ကြောင်း သိရသည်။

တရုတ် သိပ္ပံပညာရှင်များသည် ချန်အာ-၅ လဆင်းယာဉ်က ရယူပေးထားသည့် လကမ္ဘာ ကျောက်သား နမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



ချန်အာ-၅ ကျောက်သားနမူနာ အထောက်အထားများအရ လကမ္ဘာ၏သံလိုက်စက်ကွင်းမှာအားနည်းလာသော်လည်း လွန်ခဲ့သောနှစ်ပေါင်း ၂ ဒသမ ၈ သန်း ခန့်ထိ ဆက်ရှိနေခဲ့ဖြစ်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လကမ္ဘာ၏ သံလိုက်စက်ကွင်းအားသည် လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံက ကမ္ဘာမြေ၏ သံလိုက်စက်ကွင်းကဲ့သို့ပင် အားကောင်းခဲ့ဖူးကြောင်း သိရသည်။

ကမ္ဘာမြေ၏သံလိုက်စက်ကွင်းအင်အားမှာ လက်ရှိအချိန်တွင် ၂၅ မိုက်ခရိုတက်စလာနှင့် ၆၅ မိုက်ခရိုတက်စလာတို့ကြားတွင်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ရှေးခေတ်အင်္ဂါဂြိုဟ်မီးတောင်ပေါက်ကွဲမှုများမှထွက်ပေါ်လာသည့် ကျောက်သားများက အင်္ဂါဂြိုဟ်ပေါ်၌သက်ရှိများ ရှိ၊ မရှိ သဲလွန်စပေးနိုင်ဖွယ်ရှိ

လန်ဒန် ဇန်နဝါရီ ၆

ရှေးခေတ်အင်္ဂါဂြိုဟ်မီးတောင်ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသည့် ကျောက်သားများသည် အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများ ရှိ၊ မရှိ သဲလွန်စ ပေးနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

အထူးသဖြင့် ၂၀၂၈ ခုနှစ်တွင် လွှတ်တင်မည့် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးယာဉ် တစ်စင်း ဆင်းသက်မည့်နေရာရှိ ကျောက်သားများ၌ အင်္ဂါဂြိုဟ်ရှေးဟောင်း သက်ရှိများ၏ သဲလွန်စများရှိနေနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အော့ရှားပလာနစ် အမည်ရှိ အဆိုပါ အင်္ဂါဂြိုဟ်နယ်မြေဒေသရှိ အမည်းရောင် ကျောက်သားများသည် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက လေထဲမှမီးတောင်ချော်ပြာများ အထပ်ထပ်ကျရောက်မှုကြောင့် ပေါ်ထွက်လာသည့် ကျောက်သားများ ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သို့ရာတွင် အော့ရှားပလာနစ် နယ်မြေ၌ မီးတောင်မရှိခြင်းကြောင့် အထက်ပါချော်ပြာများသည် အလှမ်းဝေးသည့်နေရာတစ်ခုမှ လေနှင့်အတူ မျောပါကျရောက်လာခြင်း ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အော့ရှားပလာနစ် ဒေသရှိ မီးတောင်ချော်ပြာ ကျောက်သားလွှာ၏အောက်ဘက်တွင် အင်္ဂါဂြိုဟ် ရှေးဟောင်းသဲလွန်စများရှိနေနိုင်သည့် တွင်းထွက်ဓာတ်များ ကြွယ်ဝသော ကျောက်သားများ ရှိနေနိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## လူမှုရေးအရ အထီးကျန်မှုပြဿနာကြောင့် နှလုံးရောဂါအပါအဝင် ကျန်းမာရေးပြဿနာ အမျိုးမျိုးပေါ်နိုင်ခြေ မြင့်မားနိုင်

လန်ဒန် ဇန်နဝါရီ ၆

လူမှုရေးအရ အထီးကျန်မှုပြဿနာကြောင့် နှလုံးရောဂါအပါအဝင် ကျန်းမာရေးပြဿနာအမျိုးမျိုးပေါ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဇန်နဝါရီ ၅ ရက်သတင်းများအရ သိရသည်။

လူမှုဆက်ဆံရေးအရ အထီးကျန်သူများ၏ သွေးအတွင်း၌ ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်နေသော ပရိုတင်းများ ပေါ်ထွက်မှုအဆင့် မြင့်တက်လာတတ်ကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၉ နှစ်ကြား လူပေါင်း ၄၂၀၀၀ တို့၏ သွေးနမူနာများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ရရှိသည့် အချက်အလက်များအရ လူမှုရေးအရ အထီးကျန်နေသူများ၏ သွေးများ၌ နှလုံးရောဂါအပါအဝင် ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့် ဆက်စပ်နေသည့် ပရိုတင်းငါးမျိုး ထွက်ပေါ်မှုအဆင့်မှာ ပုံမှန်ထက် မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များတွင်လည်း လူမှုရေးအရ အထီးကျန်မှုသည် ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့်ဆက်စပ်မှုရှိနေကြောင်း၊ လူမှုရေးအရ အထီးကျန်မှုပြဿနာကို လျှော့ချခြင်းဖြင့် နှလုံးရောဂါများအပါအဝင် ကျန်းမာရေးပြဿနာ အမျိုးမျိုးပေါ်နိုင်ခြေ မြင့်မားမှုကိုလျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဆံပင်ဖြောင့်ဆေးတွင်ပါသော ဓာတုပစ္စည်းတစ်မျိုးက လူတို့၏ကျန်းမာရေးအတွက် ပြဿနာရှိနိုင်

နယူးယောက် ဇန်နဝါရီ ၆

ဆံပင်ဖြောင့်ဆေးတွင် ပါဝင်သည့် ဖော်မယ်ဒီဟိုက် (Formaldehyde) ဓာတုပစ္စည်းတစ်မျိုးသည်လူတို့၏ကျန်းမာရေးအတွက် ပြဿနာရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

ဖော်မယ်ဒီဟိုက်သည် ဆံပင်များပေါ်ထွက်လာစေရန်အထောက်အကူပြု Keratin ခေါ် ပရိုတင်းတစ်မျိုးနှင့် အပြန်အလှန်ဓာတ်တုံ့ပြန်ခြင်းဖြင့် ဆံပင်များဖြောင့်စင်းလာစေရန် ပြုလုပ်ပေးနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဆံပင်ကို အပူပေးချိန်တွင် ဖော်မယ်ဒီဟိုက်ဓာတုပစ္စည်းများ လေထုထဲသို့ အငွေ့ပြန်ရောက်ရှိသွားတတ်ရာ ရှူရှိုက်မိပါက ကျန်းမာရေးပြဿနာများရှိလာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက သတိပေးထားသည်။

လေထုအတွင်း အငွေ့ပြန်ရောက်ရှိလာသည့် ဖော်မယ်ဒီဟိုက်များကြောင့် ရေတိုအားဖြင့် မျက်လုံးနှင့် အသက်ရှူလမ်းကြောင်း ယားယံခြင်းများ ဖြစ်ပွားတတ်ပြီး ရေရှည်အားဖြင့် ဦးခေါင်းနှင့် လည်ပင်းကင်ဆာရောဂါများ ဖြစ်လာနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း၊ ဆံပင်ဖြောင့်ဆေးတွင်ပါဝင်သည့် ဖော်မယ်ဒီဟိုက်များသည် ဆံပင်အလှပြင်ဆိုင်၊ ရေချိုးခန်း၊ အိပ်ခန်းကဲ့သို့ လေဝင်လေထွက်နည်းပါးသည့်နေရာမျိုးတွင် လူ့ကျန်းမာရေးကို ဆိုးကျိုးပေးနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






## နိုင်ငံတကာ အားကစားသတင်းများ

# ATP Hong Kong Open တင်းနစ် ပြိုင်ပွဲချန်ပီယံဆုကို အလက်ဇန်းဒါးမူလာ ဆွတ်ခူး

**ဟောင်ကောင် ဇန်နဝါရီ ၆**

ဟောင်ကောင်တွင် ကျင်းပခဲ့သည့် ATP Hong Kong Open တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ပြင်သစ် တင်းနစ်ကစားသမား အလက်ဇန်းဒါးမူလာနှင့် ဂျပန် တင်းနစ်ကစားသမား နီရှီခိုရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အလက်ဇန်းဒါးမူလာက (၂-၆၊ ၆-၁၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အလက်ဇန်းဒါးမူလာသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင်လည်း ပြတ်သားသည့်ရလဒ်ဖြင့် ထပ်မံအနိုင်ရခဲ့၍ ချန်ပီယံဆုအားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နီရှီခိုရီသည် ကမ္ဘာ့အဆင့်(၄) နေရာထိ အမြင့်ဆုံးတက်လှမ်းခဲ့ဖူးသော တင်းနစ်ကစားသမားတစ်ဦးဖြစ်သလို ဒဏ်ရာပြဿနာကြောင့် အောင်မြင်မှုများရရှိရန် ရုန်းကန်နေရပြီး ဒဏ်ရာမှပြန်လည်သက်သာလာခဲ့ပြီးနောက် အောင်မြင်မှုရရှိရန် ပစ်မှတ်ထားနေသူဖြစ်သည်။

အလက်ဇန်းဒါးမူလာက"ကျွန်တော့်အတွက် အရမ်းကိုဂုဏ်ယူစရာကောင်းတဲ့ ရက်သတ္တပတ်ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ ကျွန်တော့်အတွက် ထူးခြားတာတစ်ခုက ကွာတားဖိုင်နယ်အဆင့်ကလွဲပြီး ကျန်တဲ့အဆင့်အားလုံးမှာ ပထမပွဲငယ်တိုင်း ရှုံးနိမ့်ခဲ့ရတယ်။ နောက်ကနေ လိုက်ကစားခဲ့ပြီးမှ အနိုင်ရလာခဲ့တာဖြစ်ပါတယ်။ နောက်ကနေ လိုက်ကစားပြီးမှ အနိုင်ရခဲ့တာဖြစ်တဲ့အတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ အကောင်းဆုံးဖြစ်နေတယ်လို့ သုံးသပ်နိုင်တယ်။ နောက်ကနေ လိုက်ကစားရတဲ့အတွက် ဖိအားတွေများပါတယ်။ ပြိုင်ပွဲမှာ ပရိသတ်တွေရဲ့ အားပေးမှုကလဲ အံ့မခန်းပါပဲ။ ပရိသတ်တွေရဲ့အားပေးမှုကြောင့် အခုလိုအောင်မြင်မှုရတာလို့လဲယုံကြည်ပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**



## အားကစားသတင်းအတိုအထွာများ

- အိုမိုကို ကစားသမားမှတ်ပုံတင်နိုင်ခြင်းမရှိသည့်အတွက် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာကို ရာထူးမှနုတ်ထွက်ပေးရန် အသင်းပရိသတ်များက တောင်းဆိုခဲ့သည်။
- တိုက်စစ်မှူး စီရော်နယ်ဒိုက အယ်နာဆာအသင်းမှထွက်ခွာပါက တိုက်စစ်မှူးမက်ဆီကစားနေသည့် မေဂျာလိဂ်ကလပ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ယခုအပြောင်းအရွှေ့ကာလတွင် အသင်းမှကွင်းလယ်ကစားသမား ချူကွယ်ဇီနှင့် ဒူဘူရီဟောတို့ ထွက်ခွာမည်ဟု ချဲလ်ဆီးအသင်းနည်းပြ မာရက်စ်ကာက အတည်ပြုပြောကြားခဲ့သည်။

**ML**

# ပြင်သစ်စူပါဖလားချန်ပီယံဆုကို ပီအက်စ်ဂျီအသင်း ဆွတ်ခူး




**ပဲရစ် ဇန်နဝါရီ ၆**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် ပြင်သစ်စူပါဖလား ဗိုလ်လုပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက မိုနာကိုအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ပြင်သစ်စူပါဖလားပြိုင်ပွဲသည် အမှတ်ပေးချန်ပီယံနှင့် လိဂ်ဖလားချန်ပီယံတို့ ယှဉ်ပြိုင်ရသော်လည်း ပီအက်စ်ဂျီအသင်းက ပြီးခဲ့သည့်ရာသီက ဖလားနှစ်လုံးချန်ပီယံဖြစ်ခဲ့သောကြောင့် အမှတ်ပေးဇယားအဆင့် ၂ တွင် ရောက်ရှိခဲ့သည့် မိုနာကိုအသင်းနှင့် ကစားခဲ့ရပြီး ဆုဖလားရယူနိုင်ခဲ့သည်။

မိုနာကိုအသင်းနှင့် ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် တိုက်စစ်ပိုင်းတွင် ကန်အင်းလီ၊ ဒမ်ဘီလီ၊ ဒိုအီတို့နှင့် ပွဲထွက်လာခဲ့ပြီး ပြိုင်ဘက်ကို ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဦးဆောင်ဂိုး ရရှိရန် ခက်ခဲလာသဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ဒုတိယပိုင်း အရောက်တွင် ပီအက်စ်ဂျီအသင်း ကွင်းလယ်ပိုင်း အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး မိုနာကိုအသင်းကို ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်သော်လည်း မိုနာကိုအသင်း ခံစစ်ကောင်းမွန်သောကြောင့် ဂိုးသွင်းနိုင်ခြင်းမရှိဘဲ နာကျင်အချိန်ပိုအရောက်တွင် ဒမ်ဘီလီက အနိုင်ဂိုးသွင်းယူကာ ၁၃ ကြိမ်မြောက် စူပါဖလားကို ရယူနိုင်ခဲ့သည်။

မိုနာကို အသင်းကလည်း ဖလားသမိုင်းတွင် ပီအက်စ်ဂျီအသင်းနှင့်တွေ့ဆုံခဲ့သည့် နောက်ဆုံးသုံးကြိမ်ဆက်ရှုံးပွဲကြုံခဲ့ကြောင်း သိရသည်။

**Ref : ESPN**
**Trs : ML**

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အွန်နရီ၏သွင်းဂိုးစံချိန်ကို ဆာလာဟ်လိုက်မီ

**လန်ဒန် ဇန်နဝါရီ ၆**

လီဗာပူးအသင်း တိုက်စစ်ကစားသမားဆာလာဟ်သည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် အာဆင်နယ်အသင်း ကစားသမားဟောင်းအွန်နရီ၏စံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။




လီဗာပူးအသင်းနှင့် မန်ယူအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဆာလာဟ်အနေဖြင့် ခြေစွမ်းပြသနိုင်ရန် အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း ပွဲချိန် မိနစ် ၇၀ တွင် ပင်နယ်တီမှတစ်ဆင့် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်သွင်းဂိုး ၁၇၅ ဂိုးထိရှိလာခဲ့ပြီး အွန်နရီ၏ သွင်းဂိုးစံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် နယူးကာဆယ်အသင်း ကစားသမားဟောင်း အလန်ရှီးယားက သွင်းဂိုး ၂၆၀ ဖြင့် ဦးဆောင်နေပြီး ၎င်း၏နောက်တွင် စပါးအသင်းကစားသမားဟောင်း ဟယ်ရီကိန်းက ၂၁၃ ဂိုး၊ မန်ယူအသင်းကစားသမားဟောင်းများဖြစ်သည့် ရွန်းနီက ၂၀၈ ဂိုး၊ အင်ဒီကိုးလ်က ၁၈၇ ဂိုး၊ ချဲလ်ဆီးအသင်း ကစားသမားဟောင်း လမ်းပတ်က ၁၇၇ ဂိုး၊ အာဆင်နယ်အသင်း ကစားသမားဟောင်း အွန်နီရီက ၁၇၅ ဂိုး၊ ဆာလာဟ်က ၁၇၅ ဂိုး၊ လီဗာပူးအသင်း ကစားသမားဟောင်း ရော်ဘီဖောင်လာက ၁၆၃ ဂိုးနှင့် စပါးအသင်းကစားသမားဟောင်း ဒီဖိုးက ၁၆၂ ဂိုးဖြင့် ထိပ်ဆုံး ၁၀ ဦးစာရင်းတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**

# IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ကာကွယ်ရန် အဆင်သင့်ဖြစ်နေကြောင်း အိုပီတိုင်ယာပြောကြား

**ကွင်းစလန်း ဇန်နဝါရီ ၆**

IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် သြစတြေးလျလက်ဝှေ့သမား အိုပီတိုင်ယာသည် နယူးဇီလန်လက်ဝှေ့သမားညီကာနှင့် ဇန်နဝါရီ ၈ ရက်တွင် သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဂိုးကို့စ်၌ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ပြီး ယင်းပွဲစဉ်အတွက် အစစအရာရာ ပြင်ဆင်ထားပြီး ချန်ပီယံဆုကို ကာကွယ်ရန် အဆင်သင့် ဖြစ်နေကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အိုပီတိုင်ယာသည် IBF ခရူဆာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို ၂၀၂၃ ခုနှစ် စက်တင်ဘာလကတည်းက ဆွတ်ခူးခဲ့ပြီး လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင်တစ်ပွဲ၊ ၂၀၂၄ ခုနှစ် မေလတွင်တစ်ပွဲ၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တစ်ပွဲ ကာကွယ်ထိုးသတ်ထားပြီး အကောင်းဆုံးပုံစံဖြင့် အနိုင်ရရှိထားသူဖြစ်သည်။

အိုပီတိုင်ယာသည် ညီကာနှင့် ထိုးသတ်ပြီးပါက ခရူဆာဝိတ်တန်း ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်ခွင့်ရရေးကို ပစ်မှတ်ထားသွားမည်ဖြစ်ကြောင်းနှင့် WBA၊ WBO ခရူဆာဝိတ်တန်းကမ္ဘာ့ချန်ပီယံမက္ကဆီကိုလက်ဝှေ့သမားရာမီရက်ဇ်နှင့် ထိုးသတ်သွားရန်လည်း စီစဉ်သွားမည်ဖြစ်ကြောင်း အိုပီတိုင်ယာ၏ မန်နေဂျာဖြစ်သူဖရန်စစ်က ပြောကြားခဲ့သည်။

အိုပီတိုင်ယာသည် သြစတြေးလျမြေတွင် ထိုးသတ်ရခြင်းမရှိသည်မှာ နှစ် နှစ်ခန့်ရှိသွားပြီဖြစ်ပြီး သြစတြေးလျမြေတွင် နှစ် နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ပြန်လည်ထိုးသတ်ခွင့်ရမည်ကို စိတ်လှုပ်ရှားနေကြောင်း ပြောကြားခဲ့သည်။

**Ref : RT**
**Trs : AZL**

# Mitsubishi Electric Cupပြိုင်ပွဲတွင် ထိုင်းအသင်းကိုအနိုင်ယူကာ ဗီယက်နမ်အသင်း သုံးကြိမ်မြောက်ချန်ပီယံဆုဆွတ်ခူး




**ဗန်ကောက် ဇန်နဝါရီ ၆**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် Mitsubishi Electric Cupပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ကျော့ပေါင်း ရလဒ်ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် Mitsubishi Electric Cup ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းသည် ဖိလစ်ပိုင်အသင်းနှင့် ကစားခဲ့ရာတွင်နှစ်ကျော့ပေါင်းရလဒ် လေးဂိုး သုံးဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဗီယက်နမ်အသင်းသည်လည်း စင်ကာပူအသင်းနှင့်ကစားခဲ့ရာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

Mitsubishi Electric Cup ပြိုင်ပွဲဗိုလ်လုပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့သည် ပထမအကျော့ပွဲစဉ်အဖြစ် ဗီယက်နမ်အသင်း အိမ်ကွင်းတွင် ကစားခဲ့စဉ်က ဗီယက်နမ်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ပွဲစဉ်အဖြစ် ထိုင်းအသင်းအိမ်ကွင်းတွင် ကစားခဲ့ရာ ဗီယက်နမ်အသင်းက သုံးဂိုးနှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သဖြင့် နှစ်ကျော့ပေါင်း ရလဒ်ငါးဂိုးသုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲ အပြီးတွင် ချန်ပီယံဆုကို ဗီယက်နမ်အသင်းက လည်းကောင်း၊ ဒုတိယဆုကို ထိုင်းအသင်းက လည်းကောင်း၊ သွင်းဂိုးအများဆုံးကစားသမားဆုကို ဗီယက်နမ်အသင်းမှ ငုယင်ဇမ်ဆွန်က သွင်းဂိုးခုနစ်ဂိုးဖြင့်လည်းကောင်း၊ ပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကိုလည်း ဗီယက်နမ်အသင်းမှ ငုယင်ဇမ်ဆွန်က လည်းကောင်း၊ အကောင်းဆုံးလူငယ်ကစားသမားဆုကို ထိုင်းအသင်းမှ မူအန်တာကလည်းကောင်း၊အကောင်းဆုံးဂိုးသမားဆုကိုလည်း ဗီယက်နမ်အသင်းမှ ငုယင်ဒင်တာအူကလည်းကောင်း အသီးသီး ဆွတ်ခူးနိုင်ခဲ့ကြခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် ပြီးခဲ့သည့် ၂၀ဝ၈ခုနှစ်ပြိုင်ပွဲနှင့် ၂၀၁၈ ခုနှစ်ပြိုင်ပွဲတို့တွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင်လည်း ထပ်မံဆွတ်ခူးနိုင်ခဲ့သည့်အတွက် ချန်ပီယံဆုကို သုံးကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ကာ ၂၀၂၂ ခုနှစ်က ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

Ref : ASEAN Football
Trs : STA

# The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မက်ဆူယာမာ ဆွတ်ခူး

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင် ကျင်းပခဲ့သည့် The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပန်ဂေါက်သီးရိုက်ကစားသမား မက်ဆူယာမာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၃၅ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၃၂ ချက်ဖြင့် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် လည်းကောင်း၊ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ဆန်ဂျေအင်မ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၉ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့သည်။

မက်ဆူယာမာ အနေဖြင့် ဒုတိယနေ့မှစတင်၍ ပုံစံကောင်းရရှိခဲ့ခြင်းဖြစ်သလို ပုံစံကောင်းကိုလည်း နောက်ဆုံးနေ့ထိ ထိန်းသိမ်းနိုင်ခဲ့သည်။

မက်ဆူယာမာသည် PGA Tour၏ပြိုင်ပွဲများတွင် သတ်မှတ်ရိုက်ချက်ထက် အများဆုံးလျော့ရိုက်နိုင်ခဲ့သည့် ချန်ပီယံအဖြစ် မှတ်တမ်းကောင်း တစ်ရပ်ကိုလည်း ရရှိခဲ့သည်။

မက်ဆူယာမာက "နောက်ဆုံးနေ့ရဲ့ နောက်ဆုံးကျင်းမှာ အမှား မရှိအောင်ကစားနိုင်ရင် မှတ်တမ်းကောင်းတစ်ခုကို သေချာပေါက်ရပြီဆိုတာတော့ တွေးမိခဲ့တယ်။ နောက်ဆုံးကျင်းမှာကျင်းစိမ်ပြီးတဲ့အချိန် အဆင်ပြေပြေပဲ ဝင်သွားတော့ ပျော်စရာတွေနဲ့ အဆုံးသတ်နိုင်ပြီလို့လဲတွေးမိခဲ့တယ်။ တကယ်တမ်းလဲ အားလုံးပြီးတော့ PGA Tour ရဲ့ မှတ်တမ်းကောင်းတစ်ခုကိုရလိုက်တယ်လို့ သိလိုက်တယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL




# အမေရိကန်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဖူလ်ဟမ်အသင်းခံစစ်ကစားသမား ရော်ဘင်ဆင်ရရှိ




**လန်ဒန် ဇန်နဝါရီ ၆**

ပရီးမီးယားလိဂ်ကလပ် ဖူလ်ဟမ်အသင်းမှခံစစ်ကစားသမားရော်ဘင်ဆင်သည် အမေရိကန်အသင်း၏ ၂၀၂၄ ခုနှစ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုရရှိခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ရော်ဘင်ဆင်သည် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် မိုနာကိုတိုက်စစ်မှူးဘာလိုဂန်၊ ပီအက်စ်ဗွီတိုက်စစ်မှူး ပက်ပီ၊ အေစီမီလန်တောင်ပံကစားသမား ပူလီဆစ်၊ ချာလေ့တီအသင်း ခံစစ်ကစားသမားရီအမ်တို့နှင့်ယှဉ်ပြိုင်ခဲ့ရပြီး အမေရိကန် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊အသင်းခေါင်းဆောင်များ၊ နည်းပြများ၊ ပရိသတ်များက ပေးအပ်သည့် ဆန္ဒမဲ ၅၅ ရာခိုင်နှုန်းထိရရှိခဲ့သောကြောင့် အကောင်းဆုံးဆုဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၂၂ ခုနှစ်ကလည်း အကောင်းဆုံးဆုအတွက် ဆန်ခါတင်စာရင်းတွင်ပါဝင်ခဲ့ပြီး ဆုနှင့်လွဲချော်ခဲ့သော်လည်း ယခုအခါ အကောင်းဆုံးဆုကို ရယူနိုင်ခဲ့သဖြင့် ၂၀၀၆ ခုနှစ်က ခံစစ်ကစားသမား အွန်ရီဝူနောက်ပိုင်း အကောင်းဆုံးဆုရရှိသည့် ပထမဆုံးခံစစ်ကစားသမားဖြစ်လာခဲ့သည်။

ထို့ပြင် ရော်ဘင်ဆင်သည် ဖူလ်ဟမ် အသင်းအတွက်လည်း ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ပြိုင်ပွဲစုံ ၃၇ ပွဲတွင် သွင်းဂိုး ၁၀ဂိုးထိသွင်းယူနိုင်ခဲ့သဖြင့်၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ကလပ်အသင်း၏ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ပြီး ပရီးမီးယားလိဂ်အကောင်းဆုံး ခံစစ်ကစားသမား ၁၀ဦးစာရင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# MFF Vita Max Futsal League II ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Vita Max Futsal League II ပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များကို ယနေ့နံနက်၈နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

MFF Vita Max Futsal League IIပြိုင်ပွဲ ပွဲစဉ်(၃)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီခွဲက 7Dragon FCအသင်းနှင့် Let Wel Thone Naraအသင်းတို့ ကစားခဲ့ရာ 7Dragon FC အသင်းက သုံးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၁၀နာရီက TG United အသင်းနှင့် 7BrotherFC အသင်းတို့ကစားခဲ့ရာ TG United အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး နံနက် ၁၁နာရီခွဲက Pacific Sun Far FC အသင်းနှင့် Gold Dream FC အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

အလားတူ မွန်းလွဲ ၁နာရီက Shwe Pyi Thar Unitedအသင်းနှင့် JZ Yangon FCအသင်းတို့ ကစားခဲ့ရာ Shwe Pyi Thar United အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မွန်းလွဲ ၂နာရီခွဲက Black Cross FCအသင်းနှင့် YCDC Marga Youth FCအသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ဖြင့် လည်းကောင်း၊ ညနေ ၄ နာရီက KKY FCအသင်းနှင့် Maryar FCအသင်းတို့ကစားခဲ့ရာတွင်လည်း လေးဂိုးစီသရေရလဒ်ဖြင့် လည်းကောင်း ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

STA

# စပါးအသင်းက ဆလားဗီးယားဂိုးသမား ကင်စကိုင်းကို ၂၀၃၁ ခုနှစ်ထိ စာချုပ်ချုပ်ဆိုခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၆**

စပါးအသင်းသည် အသင်းမှ အဓိကဂိုးသမားများ ဒဏ်ရာကြုံတွေ့ခဲ့သောကြောင့် ဆလားဗီးယားအသင်းမှဂိုးသမားကင်စကိုင်းကို အပြီးသတ်ခေါ်ယူ၍ ၂၀၃၁ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

စပါးအသင်း အနေဖြင့် အသက် ၂၁ နှစ်ရှိ ဂိုးသမားကင်စကိုင်းကို ၂၀၃၁ ခုနှစ်ထိသာ စာချုပ်ချုပ်ဆိုခဲ့သော်လည်းပြောင်းရွှေ့ကြေးအတိအကျကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းသည် အဓိက ကစားသမားများ ဒဏ်ရာရရှိလာသဖြင့် ပြိုင်ပွဲစုံတွင် ရလဒ်ပိုင်းကျဆင်းခဲ့ကာ အဓိကဂိုးသမား ဗီကာရီအို၊ ဒုတိယဂိုးသမား ဖော်စတာတို့လည်း ဒဏ်ရာရရှိခဲ့သဖြင့် ပြီးခဲ့သည့် နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တွင် အရန်ဂိုးသမားဘရန်ဒန်အော်စတင်ကို ထည့်သွင်းအသုံးပြုခဲ့ရပြီး နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ ဒဏ်ရာရဂိုးသမားများနေရာကို အစားထိုးနိုင်မည့်ဂိုးသမားသစ်ကို ထပ်မံခေါ်ယူရန် အမြန်ဆုံးစီစဉ်ခဲ့သည်။

စပါးအသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲ ပွဲ၂၀ ကစားအပြီးတွင် ရမှတ် ၂၄ မှတ်သာ ရရှိခဲ့ကာ အဆင့် ၁၂ သို့ ရောက်ရှိခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေသည့် လီဗာပူးအသင်းနှင့်လည်း ရမှတ် ၂၁ မှတ်ထိကွာဟနေသဖြင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန်မဖြစ်နိုင်တော့ဘဲ ဥရောပဝင်ခွင့်အတွက်ပါ ရုန်းကန်ရမည် ဖြစ်ကြောင်း သိရသည်။

Ref : ESPN
Trs : ML

# စဉ်ဆက်မပြတ်လေ့လာသင်ယူမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှု

မောင်သောင်းဝင်း(တမန်ဟောင်း)

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဉာဏ်ရည်တု နည်းပညာ(AI) အံ့မခန်းတိုးတက်လာလျက်ရှိသဖြင့် လူသားတို့သည် ကိုယ်တိုင် ဝီရိယစိုက်ထုတ် လေ့လာသင်ယူလိုစိတ် အားနည်းလာကြသည်။ ခေတ်မီနည်းပညာသည် ဘာသာစကားတစ်ခုမှ တစ်ခုသို့ ဘာသာပြန်ခြင်းကိုပင်လျှင် အနီးစပ်ဆုံး လုပ်ဆောင်ပေးလျက်ရှိသဖြင့် လူသားတို့သည် လေ့လာသင်ယူလိုစိတ် အားနည်းလာလျက်ရှိသည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူလေ့ကျင့်မှုမရှိသူသည် ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အလှမ်းကွာဝေးနေမည်ဖြစ်သည်။

ကျွမ်းကျင်ပိုင်နိုင်မှုသည် တစ်စုံတစ်ရာကို အမှားအယွင်းနည်းနည်းဖြင့် အချိန်မီပြီးမြောက်အောင် စွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ မည်သည့်နယ်ပယ်တွင်မဆို အကြိမ်ကြိမ်လေ့ကျင့်ဆောင်ရွက်နေမှသာလျှင် ကျွမ်းကျင်ပိုင်နိုင်မှုကို ရရှိမည်ဖြစ်သည်။ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုနှင့် အသိပညာဗဟုသုတတို့ကို အခြေခံမှသာ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးသည် မိမိကျရာအခန်းကဏ္ဍကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အခြေခံဗဟုသုတရှိနေရန် လိုအပ်မည်ဖြစ်သည်။ ထိုင်နေရုံဖြင့် အခြေခံဗဟုသုတတိုးပွားလာမည် မဟုတ်ချေ။ စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန် လိုအပ်မည်ဖြစ်သည်။

ဆိုရလျှင် မြန်မာ့လူမှုအဖွဲ့အစည်းတွင် ဗဟုသုတရှာဖွေသူ နည်းပါးလာကြပြီဖြစ်သည်။ မိမိကို ထမင်းကျွေးနေသော အလုပ်နှင့် ပတ်သက်၍ပင် ထဲထဲဝင်ဝင် မသိရှိကြတော့ချေ။ မိမိထမ်းဆောင်သည့် နယ်ပယ်တွင် ကျွမ်းကျင်မှုမရှိခြင်းသည် အခြားသူကို ထိခိုက်စေနိုင်သည်။ မိမိကို ထမင်းကျွေးနေသော အလုပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှုမရှိခြင်းသည် လိမ်ညာမှုမြောက်သည်။ လူတစ်ဦးချင်းစီတွင် အခြေခံဗဟုသုတနည်းပါးလာပြီး တာဝန်ထမ်းဆောင်ရာ၌ ကျွမ်းကျင်ပိုင်နိုင်မှုမရှိခြင်းသည် လူ့အဖွဲ့အစည်းကြီး၏ ဂုဏ်သတင်းကို ထိခိုက်လာစေနိုင်သည်။

သာဓကအနေဖြင့် ရုံးဌာန၊ အဖွဲ့အစည်းတစ်ခုသည် စက်ပစ္စည်းတစ်ခုနှင့် အလားသဏ္ဍာန်တူညီသည်။ စက်တစ်ခုတွင် မူလီတစ်လုံးပြုတ်ထွက်သွားလျှင် ထိုစက်လည်ပတ်နိုင်စွမ်း ရှိတော့မည်မဟုတ်ချေ။ ထိုနည်းတူစွာပင် ရုံး၊ ဌာနတစ်ခုတွင်လည်း ဝန်ထမ်းတစ်ဦး၏ အလွဲလွဲအမှားမှားလုပ်ဆောင်မှုသည် ထိုအဖွဲ့အစည်းကြီး၏ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သည်။ တချို့သော ဝန်ထမ်းများသည် လေ့လာသင်ယူလိုစိတ်မရှိသည့်အပြင် လုပ်ငန်းတာဝန်အပေါ်တွင်လည်း စိတ်ပါဝင်စားမှု အားနည်းကြသောကြောင့် အမှားပေါင်းတစ်ထောင်ဖြစ်နေကြသည်။

**အစမ်းလေ့ကျင့်သင့်**

အဖွဲ့အစည်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ကျွမ်းကျင်ပိုင်နိုင်မှုရှိပြီး အမှားအယွင်းနည်းပါးအောင် စဉ်ဆက်မပြတ် လေ့လာသင်ယူလေ့ကျင့်နေရန် လိုသည်။ အောင်မြင်မှုရရှိလိုသူများသည် အကြိမ်ကြိမ်လေ့ကျင့်ကြရသည်။ ထို့ပြင် တာဝန်ပေးအပ်သူများအနေဖြင့်လည်း အရည်အချင်းရှိသူများကိုသာ ပေးအပ်သင့်သည်။ လူမှန်၊ နေရာမှန် ဖြစ်သင့်သည်။ အရည်အချင်း မရှိလျှင်လည်း အမှားအယွင်းမရှိအောင် လေ့ကျင့်ပေးရန် လိုသည်။ သို့မှသာလျှင် တူညီသောအမှားအယွင်းမျိုးကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ မည်သည့်လုပ်ငန်းတာဝန်မဆို စေတနာသာပါမည်ဆိုလျှင် အမှားနည်းမည်ဖြစ်သည်။

**ကျွမ်းကျင်ပိုင်နိုင်ရန်လို**

တချို့သောဝန်ထမ်းများသည် ရာထူးအဆင့်အတန်းများယူထားသော်လည်း မိမိဌာန၊ လုပ်ငန်းသဘောသဘာဝကိုပင် ထဲထဲဝင်ဝင်မသိရှိကြချေ။ သိအောင်လည်း လေ့လာလိုစိတ်မရှိပေ။ မိမိထမ်းဆောင်ရသည့်လုပ်ငန်းများ ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်ရှာဖွေလေ့လာပြီး အပတ်တကုတ် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ စဉ်ဆက်မပြတ်လေ့လာသင်ယူလေ့ကျင့်မှုကြောင့် အသိပညာဗဟုသုတကြွယ်ဝပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိသော လက်အောက်ဝန်ထမ်းများ၏ တင်ပြချက်များကို အရေးတယူ မှတ်သားနားထောင်ပေးရမည်ဖြစ်သည်။

ဝန်ထမ်းတစ်ဦးသည် မိမိထမ်းဆောင်ရသည့် တာဝန်ကို အမှားနည်းနည်းဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရန်သည် အသိပညာဗဟုသုတ ရှာဖွေပြီး စဉ်ဆက်မပြတ်လေ့လာသင်ယူလေ့ကျင့်နေရန် လိုအပ်သည်။ ထိုသို့မဟုတ်ပါက အမှားပေါင်းတစ်ထောင်ဖြစ်နေမည်ဖြစ်သည်။ ထို့ပြင် ဝန်ထမ်းတစ်ဦးသည် မိမိလက်မှတ်ထွက်သော စာရင်းဇယားနှင့် အစီရင်ခံစာတို့ကို အမှားအယွင်းနည်းအောင် ဆောင်ရွက်ပေးမည်ဆိုသော စိတ်ဓာတ်မျိုးမွေးထားသင့်ပေသည်။

ပြန်လည်စစ်ဆေးသည့် အလေ့အထကောင်းကို မွေးမြူထားသင့်သည်။ အဆင့်အလိုက် တာဝန်ယူမှုနှင့် တာဝန်ခံမှုစိတ်ဓာတ်လည်း မွေးမြူထားသင့်သည်။ ဝန်ထမ်းတစ်ဦးသည် လုပ်ငန်းအပေါ် စိတ်ဝင်စားမှု မရှိသည့်အပြင် လုပ်ငန်းတာဝန်မှားယွင်းမှုကြောင့် အထက်အကြီးအကဲက ဆူပူကြိမ်းမောင်းမှသာ မိမိလက်အောက်ဝန်ထမ်းများ လုပ်ဆောင်သည်ဟု ပြောဆိုကာ အပြစ်ပုံချသည့် လုပ်ရပ်မျိုးကိုလည်း မလုပ်ဆောင်သင့်ချေ။ တာဝန်ရှောင်လွှဲလိုသည့် ထိုဝန်ထမ်းမျိုးလည်း မရှိသင့်ပေ။

**လေ့လာသင်ယူနေရန်လို**

ဝန်ထမ်းတစ်ဦးသည် ရာထူးအဆင့်နှင့် လျော်ညီသည့် တာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ဗဟုသုတပညာရှာဖွေပြီး လေ့လာသင်ယူလေ့ကျင့်နေရန် လိုအပ်သည်။ အထူးသဖြင့် ခေါင်းဆောင်မှုအပိုင်းတွင် တာဝန်ယူရမည့်သူများသည် တာဝန်တစ်ခု ချောချောမောမော ပြီးမြောက်အောင်မြင်စေရန်အတွက် လက်အောက်ကို တိကျသောမူဝါဒ၊ ညွှန်ကြားချက်နှင့် လိုလားချက်များချပြပေးနိုင်ရန် လိုအပ်သည်။ လက်အောက်က တင်ပြလာမှုကို အရေးတယူ ဖတ်မှတ်လေ့လာနားထောင်ပြီး ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားရန် လိုအပ်သည်။ သို့မှသာလျှင် ရည်မှန်းချက်ကို အမှားအယွင်းနည်းနည်းဖြင့် လျင်မြန်စွာ အပြီးသတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန် လိုအပ်မည်ဖြစ်သည်။

**ဟန်ဆောင်သူများပြားလာ**

စင်စင်အားဖြင့် နယ်ပယ်ပေါင်းစုံတွင် ဘက်စုံကျွမ်းကျင်သူရှိနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် လေ့လာသင်ယူမှုကို အခြေခံနေရန် လိုအပ်သည်။ လူတစ်ဦးသည် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်လေ့လာသင်ယူနေပါက တိုးတက်မှုရရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ ဓားတစ်လက်ကဲ့သို့ပင် မသွေးဘဲ ထားပါက သံချေးတက်မည်ဖြစ်ပြီး နေ့စဉ် သွေးပေးနေပါက ထက်မြက်လာမည်ဖြစ်သည်။ အချို့သော လူတို့သည် တတ်သိဟန်ဆောင်သောအလေ့အထအရိုးစွဲနေပြီဖြစ်သည်။ ကောင်းသောအလေ့အထမဟုတ်သဖြင့် မျိုးဆက်သစ်လူငယ်များ အတုခိုးမမှားစေရန် လိုအပ်မည်ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ထိုကဲ့သို့ ဟန်ဆောင်ကောင်းသူများ ပေါများနေသောကြောင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေရခြင်းဖြစ်သည်။ အရည်အချင်းရှိသူများနှင့် ဟန်ဆောင်ကောင်းသူများကို ခွဲခြားသိရှိရန် လေ့လာဖော်ထုတ်သင့်သည်။ ထိုသို့ မဆောင်ရွက်ဘဲ အရည်အချင်းမရှိသူများနှင့်သာ ဆက်သွားနေမည်ဆိုပါက စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးသည် ရွှေပြည်တော်မျှော်တိုင်း ဝေးနေမည်ဖြစ်သည်။

မျက်မှောက်ခေတ်ကမ္ဘာကြီးတွင် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်မှုဖြစ်စဉ်များသည် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိသည်။ လူသားတို့သည် ထိုပြောင်းလဲတိုးတက်မှုများကို အမီလိုက်နိုင်ရန်အတွက် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ် ရှာဖွေနေရန် လိုအပ်ပေသည်။ ထို့အတူ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံတည်း သီးခြားရပ်တည်နိုင်ရန် ခက်ခဲသည်။ နိုင်ငံကြီးခြင်း၊ ငယ်ခြင်းသည် အဓိက မကျတော့ချေ။

နိုင်ငံတစ်နိုင်ငံ၏ ပထဝီအနေအထား၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ ခေတ်မီနည်းပညာနှင့် စစ်လက်နက်ပစ္စည်းပိုင်ဆိုင်မှု စသည့် ဘက်ပေါင်းစုံကို ချိန်ထိုးပြီးမှသာ ထိုနိုင်ငံ၏အဆင့်အတန်းကို ဆုံးဖြတ်နိုင်သည်။ အလားတူ လူတစ်ဦးချင်းစီတွင်လည်း ရာထူးအဆင့်အတန်းကြီးခြင်း၊ ငယ်ခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုသည့် သတ်မှတ်ချက်တစ်ခုတည်းပေါ်တွင် ရှုမြင်ပြီး အသိပညာဗဟုသုတ၊ လေ့လာသင်ယူမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုအဆင့်ကို ယတိပြတ်မသတ်မှတ်နိုင်ချေ။ အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး အပတ်တကုတ် လေ့ကျင့်နေသူသာလျှင် ကျွမ်းကျင်ပိုင်နိုင်သူဖြစ်နိုင်ပေသည်။ ထိုအချက်သည် မည်သူမျှငြင်းဆို၍ မရသော ပကတိအရှိတရားပင်ဖြစ်သည်။

ဆိုရလျှင် အခြေခံအသိပညာဗဟုသုတလေ့လာသင်ယူမှုနှင့် ကျွမ်းကျင်ပိုင်နိုင်မှုတို့သည် ဆက်စပ်လျက်ရှိသည်။ အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်ရှာဖွေလေ့လာပြီး အပတ်တကုတ်လေ့ကျင့်သွားမည်ဆိုလျှင် ကျွမ်းကျင်မှုရှိလာမည်ဖြစ်သည်။ အသိပညာဗဟုသုတကြွယ်ဝပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိသောလူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များဖြင့်သာလျှင် ရုံး၊ဌာန၊ အဖွဲ့အစည်းအသီးသီး၏ လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းစွာဖြင့် အချိန်မီ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုလျှင် အချိန်နှင့် ငွေကြေးကုန်ကျမှု လျော့နည်းလာမည့်အပြင် တိုင်းပြည်၏ စီးပွားရေးလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်အားလုံးသည် ကိုယ်စီထမ်းဆောင်နေသော တာဝန်များကို အမှားအယွင်းနည်းနည်းဖြင့် အချိန်မီ လုပ်ဆောင်နိုင်ရေးအတွက် အသိပညာဗဟုသုတကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**❖မည်သည့်နယ်ပယ်တွင်မဆို အကြိမ်ကြိမ်လေ့ကျင့်ဆောင်ရွက်နေမှသာလျှင် ကျွမ်းကျင်ပိုင်နိုင်မှုကိုရရှိမည်ဖြစ်သည်။ စဉ်ဆက်မပြတ်လေ့လာသင်ယူမှုနှင့် အသိပညာဗဟုသုတတို့ကို အခြေခံမှသာ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူတစ်ဦးသည် မိမိကျရာအခန်းကဏ္ဍကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် အခြေခံဗဟုသုတရှိနေရန် လိုအပ်မည်ဖြစ်သည်။ ထိုင်နေရုံဖြင့် အခြေခံဗဟုသုတတိုးပွားလာမည် မဟုတ်ချေ။ စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန် လိုအပ်မည်ဖြစ်သည်။ ❖**

**ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီလ ဒုတိယပတ်တွင် ရုံတင်ပြသမည်




**ရန်ကုန် ဇန်နဝါရီ ၆**

မေခ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကားကို ဇန်နဝါရီလ ဒုတိယပတ်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ JZ ဒေါင်လွှဏ်းထံမှ သိရသည်။

နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို JZ ဒေါင်လွှဏ်းက ရေးသားထားပြီး ဇာတ်ညွှန်းကို ဒီရေလှိုင်းနှင့် မယ်ခိုင်တို့က ရေးသားထားကာ မေခ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ JZ ဒေါင်လွှဏ်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်ကားကတော့ ကချင်ပြည်နယ် ပူတာအိုမြို့ ရေခဲတောင်ဒေသရဲ့ အလှအပတွေကို ဇာတ်အိမ်တည်ထားတဲ့ ဇာတ်ကားတစ်ကားပဲဖြစ်ပါတယ်။ နှင်းတွေဖုံးနေတဲ့ ရေခဲတောင်ဒေသရဲ့ အလှပဆုံး ရှုခင်းတွေကို မှတ်တမ်းတင်ရင်း ပြိုင်ပွဲဝင်ဓာတ်ပုံတွေ ရိုက်ကူးဖို့ ရောက်လာကြတဲ့ ဓာတ်ပုံဆရာတစ်သိုက်ကို ရေခဲတောင်ဒေသက ဒေသခံလမ်းပြတစ်ဦးက လမ်းပြခေါ်ဆောင်လာခဲ့ပါတယ်။ ရေခဲတောင်ပေါ်က နှင်းပွင့်တွေကြားထဲမှာ လိုရာခရီးကို အန္တရာယ်ကင်းစွာ ရောက်ရှိသွားမှာလား၊ လမ်းပျောက်သွားလေမလားဆိုတာကတော့ ရုံတင်တဲ့အခါ ပိတ်ကားထက်မှာ ရှုစားပေးကြပါဦး"ဟု ဒါရိုက်တာ JZ ဒေါင်လွှဏ်းက ပြောပြသည်။

နှင်းပွင့်စေရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ JZ ဒေါင်လွှဏ်း၊ ငြိမ်းသော်၊ ယုန်လေး၊ သင်ဇာဝင့်ကျော်၊ L ဘောက်နူး၊ K ညီ၊ အခြားသရုပ်ဆောင်များနှင့် အတူရဝမ်လီဆူတိုင်းရင်းသားများ ပါဝင် သရုပ်ဆောင်ထားကြကြောင်း သိရသည်။ ASH

# ပြုစားရုပ်ရှင်ဇာတ်ကား Cele Show ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ဇန်နဝါရီလ ဒုတိယပတ်တွင် မြန်မာနိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ပြုစားရုပ်ရှင်ဇာတ်ကား Cele Show ကို ဇန်နဝါရီလ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ KER Tower Gold Class Cineplex ၌ ကျင်းပခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင်ခိုင်နှင်းဝေထံမှ သိရသည်။



ပြုစား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညိုချောနှင့် မယ်မင်းဘုံတို့က ရေးသားထားပြီး မယ်မင်းဘုံက ဇာတ်ညွှန်းရေးထားကာ မယ်မင်းဘုံကပင် ဒါရိုက်တာအဖြစ် ရွှေမြန်မာရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ မယ်မင်းဘုံကို ယုံတဲ့အတွက် လက်ခံရိုက်ကူးခဲ့တာပါ။ ကာရိုက်တာ နည်းနည်းကြမ်းသလို ပင်လဲပင်ပန်းတယ်။ ဒေါ်မြဇာ ကာရိုက်တာဆိုရင် အနုပညာသက်တမ်း တစ်လျှောက်မှာ ပထမဆုံးလုပ်ရတဲ့ ကာရိုက်တာဖြစ်တဲ့အတွက် အလွန်ပဲ ပင်ပန်းပါတယ်။ ဒါပေမဲ့ အများကြီးလဲ ကြိုးစားထားပါတယ်။ အားပေးကြပါအုံး"ဟု ခိုင်နှင်းဝေက ပြောပြသည်။

ပြုစား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ရှိန်းတင်ထူး၊ စိုးမြတ်သူဇာ၊ ခိုင်နှင်းဝေ၊ ရတနာဗိုလ်၊ ခြူးလေးနှင့် သရုပ်ဆောင်များစွာ အားဖြည့်ပါဝင်ထားကြောင်း သိရသည်။

ASH

# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲတွင် ပါဝင်ခွင့်ရရှိမည့် ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရွှေရတုခန်းမတွင် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပါဝင်ခွင့်ရရှိမည့် ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့် ရွေးချယ်ပွဲကို ဇန်နဝါရီ ၅ ရက်က မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ရွှေရတုခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌဦးအေးကြူလေးထံမှ သိရသည်။

ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ရွှေကြိုမောင် ၂၅ ဦး၊ ရွှေကြိုမယ် ဦးရေ ၃၀ တို့က ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

"ရွှေကြိုမောင်မယ် နောက်ဆုံးအဆင့်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ ရွှေကြိုမောင်မယ်တွေက မဲနှိုက်ရွေးချယ်ပြီး ကျရာကျပန်း ဇာတ်ကောင်စရိုက်တွေ ခံစားချက် အမူအရာကို သရုပ်ဆောင်ပြခဲ့ကြရပါတယ်။ သရုပ်ဆောင်တစ်ယောက်ရဲ့ ရှိသင့်တဲ့ အရည်အသွေးဆိုင်ရာ ဗဟုသုတတွေ၊ ကျပန်းမေးခွန်းတွေကို မေးကာရွေးချယ်သလို TikTok မှာ Trend ဖြစ်တဲ့ ကိုယ်နှစ်သက်ရာ တစ်ခုကို ရွေးချယ်ရိုက်ကူးထားတဲ့ TikTok Video ကိုလဲ ပေးပို့ယှဉ်ပြိုင်ကြပါတယ်။ အဆိုပါ HEY Play App က တစ်ဆင့်ပေးပို့တဲ့ ပရိသတ်ဆန္ဒမဲ၊ Atom ရဲ့ SMS နံပါတ် 6666 ပေးပို့ထားတဲ့ ပရိသတ်ဆန္ဒမဲများသူ ပရိသတ်ဆန္ဒမဲ ၄၀ ရာခိုင်နှုန်း၊ ရွေးချယ်ရေးအဖွဲ့ရဲ့ အမှတ် ၆၀ ရာခိုင်နှုန်းနဲ့ ထည့်သွင်းကာ ရွေးချယ်မှာဖြစ်ပါတယ်" ဟု ဦးအေးကြူလေးက ပြောပြသည်။

အဆိုပါ မြန်မာ့ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုအတွက် ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသထားသည့် ရုပ်ရှင်ဇာတ်ကားပေါင်း ၄၉ ကားအနက် ဒုတိယအကြိမ် ထပ်မံကြည့်ရှုစိစစ်ပေးရမည့် ရုပ်ရှင်ဇာတ်ကား ၁၈ ကား၏ အမည်စာရင်းကိုလဲ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။ ASH

# ဗြိတိန်နှင့်အိုင်ယာလန်ရုပ်ရှင်ဈေးကွက်၌ Wickedဇာတ်ကားဝင်ငွေအကောင်းဆုံးဖြစ်

**နယူးယောက် ဇန်နဝါရီ ၆**

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဗြိတိန်နှင့် အိုင်ယာလန်ရုပ်ရှင်ဈေးကွက်များ၌ Wicked ဂီတဇာတ်မြူး ရုပ်ရှင်ဇာတ်ကားက ဝင်ငွေအကောင်းဆုံး ဇာတ်ကားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ တစ်လတည်းတွင် Wicked ဇာတ်ကားသည် ဗြိတိန်နှင့်အိုင်ယာလန် ရုပ်ရှင်ဈေးကွက်၌ ဝင်ငွေ စတာလင်ပေါင် ၂၃ ဒသမ ၂ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ Wicked ဇာတ်ကားသည် ဗြိတိန်နှင့်အိုင်ယာလန် ရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ချိန်မှစ၍ ၂၀၂၄ ခုနှစ် နှစ်ကုန်ထိ စုစုပေါင်းဝင်ငွေ စတာလင်ပေါင် ၅၅ ဒသမ ၆ သန်းထိ ရယူနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Wicked ဇာတ်ကားကို ဒါရိုက်တာ ဂျွန်နာမ်ချူးက ရိုက်ကူးပေးထားပြီး မင်းသမီးအာရီယာနာဂရန်ဒီနှင့် ဇင်သီယာအာရီဗိုတို့ ပါဝင်သရုပ်ဆောင်ထားသည်။

**Ref : Russia Today**
**Trs : KKO**




# Dune 4 ဇာတ်ကားသစ် ဆက်လက် ရိုက်ကူးထုတ်လုပ်ရန် ဝါနာဘရားသားစီစဉ်

**နယူးယောက် ဇန်နဝါရီ ၆**

ဝါနာဘရားသား ကုမ္ပဏီသည် Dune 4 ဇာတ်ကားသစ်ကို ဆက်လက်ရိုက်ကူးထုတ်လုပ်ရန်အတွက် စီစဉ်ထားကြောင်း ဇန်နဝါရီ ၅ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် Dune 4 ဇာတ်ကားတွင် ယခင် Dune ဇာတ်ကားများကို တာဝန်ယူရိုက်ကူးလာခဲ့သည့် ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ ပါဝင်လာနိုင်ဖွယ်မရှိကြောင်း ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့သည် Dune ဇာတ်ကားများအနက် တတိယမြောက် ဇာတ်ကားဖြစ်သည့် Dune: Messian ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

သို့ရာတွင် Dune: Messian ဇာတ်ကားသည် ၎င်းအတွက် နောက်ဆုံး Dune ဇာတ်ကားဖြစ်နိုင်ကြောင်း ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့က ပြောကြားသည်။

ဝါနာဘရားသားကုမ္ပဏီသည် Dune 4 အပြင် Dune ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုကိုလည်း ထပ်မံဖန်တီးရန် စီစဉ်ထားသည်။

ယခင် ရုပ်သံဇာတ်လမ်းတွဲတွင်လည်း ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ ပါဝင်နိုင်ဖွယ်မရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# More than 22,000 acres of canola and niger planted in Katha District



A canola and niger plantation in Katha District.

**Katha January 6**

According to the Katha District Agriculture Department, a total of 22,378 acres of canola and niger have been planted as cold season crops in the district of Sagaing Region.

In 2024-2025 cold season, Katha District earmarked 23,832 acres of canola and niger. Local farmers started cultivation of these crops on 22,378 acres of croplands in October 2024.

U Myint Soe, Head of Katha District Agriculture Department explained: "Local farmers cultivate canola and niger yearly. These crops can be used in extracting oil for cooking as well as traditional medicines. This year, local farmers planted more than 22,000 acres of canola and niger in the district against the target of more than 23,000 acres of crops. They continue cultivation of crops in the district with the aim of meeting the target cultivation."

In Katha District, Katha Township finished cultivation of 149 acres of canola and 12,749 acres of niger, Indaw Township 150 acres of canola and 2,200 acres of niger, Htigyaing Township 4,680 acres of niger and Bamauk Township, 2,221 acres of canola and 229 acres of niger, totalling 22,378 acres.

With regard to setting cultivation plans, Katha Township has to grow 207 acres of canola and 13,600 acres of niger, Indaw Township 220 acres of canola and 1,860 acres of niger, Htigyaing Township 335 acres of canola and 3,970 acres of niger and Bamauk Township 3,220 acres of canola and 420 acres of niger, totalling 23,832 acres.

They grow canola and niger yearly. Among the townships of Sagaing Region, Katha and Kawlin townships mostly grow canola and niger. 206

# Farmers plant more than 1,000 acres of onion in Myaung Township

**Myaung January 6**

Statistics of Sagaing District Agriculture Department stated that a total of 1,757 acres of onion has been planted in Myaung Township of Sagaing Region.

In 2024-25 cold season, Myaung Township earmarked cultivation of 1,853 acres of onion but local farmers have so far planted 1,757 acres of onion against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department commented: "Local farmers planted 1,757 acres of onion against the target of 1,853 acres in Myaung Township this cold season. They are trying to meet the target cultivation of crops. Our department helps local farmers in creation of market linkages to fetch good prices in sales of onions."

Myaung Township Department of Agriculture manages market linkages for local farmers to sell onion at higher prices, store onions in preservation techniques, and grow the crops in GAP system so as to produce quality crops.

Farmers need to cost some K1.8 million per acre of onion and it yields 5,000 viss of onion per acre.

In Sagaing Region, farmers from Monywa, Yinmabin, ChaungU, Shwebo and Myinmu townships emphasize cultivation of onions on large sown acreage. 206



Farmers seen planting onions in a field.

# More than 5,000 acres of green gram harvested in Mingin Township

**Mingin January 6**

Local farmers have harvested 5,525 acres of green gram planted in monsoon this year in Mingin Township of Sagaing Region, according to Mingin Township Agriculture Department.

Local harvested all cultivated areas of green gram in the township starting from August. It yielded 15.85 baskets per acre.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department, said: "This year, local farmers planted 5,525 acres of monsoon green gram in the township. So far, they have harvested all sown acreage of bean. We raise farmer awareness to grow green gram, to produce high yield of crops and use quality strains of seeds."

This year, officials from the township Agriculture Department provided quality seeds, agricultural techniques, prevention methods of pests and systematic use of fertilizers to local farmers.

Moreover, departmental officials cooperate with local farmers in boosting per-acre yield of crops with use of quality seeds of crops, agricultural inputs and post-harvest technology. 206

# 10 killed, 30 injured in airstrike south of Sudanese capital

**Khartoum January 6**

At least 10 people were killed and 30 others injured on Sunday in an airstrike that targeted an area south of the Sudanese capital Khartoum, a volunteer group and local media reported.

"Ten people were killed and 30 others injured, including five cases of first-degree burns, after an airstrike targeted the Al-Sahrij station in the Mayo neighborhood, south of Khartoum," the South Khartoum Emergency Room, a local volunteer group, said in a statement.

The group noted that the Al-Sahrij station had been bombarded three times within one month, pointing out that the area is usually crowded with civilians, as it contains a market and several food shops.

For its part, the Sudanese news portal Al-Rakoba reported on Sunday that most of the injured in the airstrike were transferred to Bashair Hospital, located approximately 4 km from the site of the incident.

No group has claimed responsibility for the attack.

Sudan has been gripped by a devastating civil conflict since mid-April 2023, which has claimed at least 29,683 lives and displaced over 14 million people, according to the latest estimates by international organizations. Xinhua

# Proposed Trump tariffs could slash U.S. consumer tech purchasing power by 143 bln dollars

**Las Vegas January 6**

The Consumer Technology Association (CTA) warned Sunday that tariffs proposed by President-elect Donald Trump could significantly reduce Americans' ability to purchase technology products, potentially cutting consumer purchasing power by up to 143 billion U.S. dollars.

According to a report released by CTA, laptop and tablet purchases could plummet by as much as 68 percent, while gaming console consumption might drop by 58 percent. Smartphone purchases, a cornerstone of modern consumer technology, could see a decline of up to 37 percent.

"We've been really watching closely in our forecast research, looking at the tech products consumers love and rely upon, including smartphones and laptops, and understanding that they may be threatened by President-elect Trump's tariff proposals," said Brian Comiskey, CTA's senior director of innovation and trends.

The report predicted that the U.S. consumer technology industry will grow 3.2 percent to 537 billion dollars in 2025.

"Our positive forecast reflects the industry's strength, but proposed tariffs threaten the deflationary power of tech in the global economy. Tariffs are a tax on American businesses and consumers. We urge the incoming administration and Congress to prioritize an Innovation Agenda that fosters growth," CTA CEO Gary Shapiro said in a statement.

Ed Brzytwa, CTA's vice president of trade, highlighted additional concerns about potential international repercussions.

Xinhua

# More than 2,000 acres of long-staple cotton harvested in Pwintbyu Township


A farmer plucking long staple cotton.

**Pwintbyu January 6**

A total of 2,457 acres of long-staple cotton has been harvested in Pwintbyu Township of Magway Region, said Daw Moe Moe Wai, Head of Pwintbyu Township Department of Agriculture.

With the aim of increasing incomes of local farmers and promoting crop cultivation capacity, local farmers planted 5,814 acres of long-staple cotton in Pwinybyu Township. During the period from the second week of December to date, local farmers have reaped 2,457 acres of cotton in the township.

Daw Moe Moe Wai explained: "As now is time to harvest long-staple cotton in the township, local farmers started harvesting of crops in the second week of December. So far, they have harvested 2,457 acres of crops. Farmers rely on cultivation of long-staple cotton in the late monsoon as it fetches good prices in the domestic market. Our department helped local farmers to store cotton wool with minimising loss and waste and harvest the crops with post-harvest technology as well as systematic storage of crops not to lose quality. In the township, each acre of long-staple cotton yields 529.85 viss of cotton wool."

Moreover, officials of the Township Department of Agriculture assist in selecting quality strains of crops suitable for the region, using correct agricultural techniques and preventing pests for the local farmers.

Local farmers prefer to grow long-staple cotton strains such as Shwedaung-8 and Shwedaung-10 strains in monsoon. This year's yield of cotton wool is larger than previous year.

Ye Win Naing (NyaungU)

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Merchants supply 76,000 viss of tilapia to Yangon market

**Pyapon January 6**

Local merchants from Pyapon Township of Ayeyawady Region sold 76,000 viss of tilapia to Yangon market in November, said Daw Lei Lei, the owner of fishery product trading in Pyapon Township.

They shipped 50,000 viss of tilapia to Yangon market in October, compared to 76,000 viss in November. Fishery product trading commodity centres purchase marine products from local fishermen and systematically process them before sending to Yangon market.

Daw Lei Lei disclosed: "I emphasize sending of fishery products to Yangon market only. As demand is high at domestic market to purchase tilapia, I sold so many viss of fish to Yangon market. Thanks to high demand of fish from the market, local merchants and fishermen including those in production chain are convenient in their businesses."


Tilapia fish put on sale at a market.

Local fishermen capture tilapia at natural water whereas local fish farmers breed tilapia at the fish farms on a commercial scale. It needs to take about three months for breeding tilapia to adult as commercial size. In the market, tilapia fetches K9,500 per viss.

Kyaw Kyaw Lin

# Farmers in Thabaung Township complete cultivation of black gram on more than 4,000 acres of land

**Thabaung January 6**

A total of 4,301 acres of black gram has been planted in Thabaung Township of Ayeyawady Region, said Daw Aye Aye Mu, Head of Pathein District Agriculture Department.

Local authorities earmarked cultivation of 13,976 acres of black gram in Thabaung Township this cold season. But, local farmers started cultivation of black gram in the first week of October. So far, they have grown 4,301 acres of crops. Officials of the Township Agriculture Department provided necessary assistance for local farmers in growing the black gram with agricultural techniques for meeting the target cultivation.

Daw Aye Aye Mu explained: "So far, farmers have planted more than 4,000 acres of black gram in Thabaung Township. They continue cultivation of crops to meet the target cultivation. The Agriculture Department provides necessary techniques and agricultural inputs for farmers to grow all cold season crops without difficulties."

Department of Agriculture, Township Administration Body and relevant departments are joining hands in providing necessary aid for local farmers in growing black grams to meet the target cultivation. Kyaw Kyaw Lin


A thriving black gram plantation.

# Pwintbyu Township plants more than 63,000 acres of pulses and beans this cold season

**Pwintbyu January 6**

Local farmers planted 63,080 acres of pulses and beans in Pwintbyu Township of Magway Region this cold season, said Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department.

Township authorities earmarked cultivation of 41,800 acres of pulses and beans as cold season this year in Pwintbyu Township. However, local farmers have planted 63,080 acres of beans exceeding the target cultivation.

Daw Moe Moe Wai explained: "Local farmers exceeded cultivation of beans more than the target cultivation in Pwintbyu Township. They emphasize cultivation of chick pea, butter bean, black gram, cow pea, rice bean, lablab, lime bean, mung bean, garden pea and others. Our department helped local farmers in selection of quality strains of crops, systematic use of agricultural inputs and other measures."

Pwintbyu Township earmarked cultivation of 41,800 acres of pulses and beans. This year, officials of Agriculture Department and relevant departments join hands in providing necessary assistance such as quality seeds of crops, agricultural inputs and techniques of preventing pests to local farmers to boost per-acre yield of crops.

Ye Win Naing (NyaungU)

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တရုတ်နိုင်ငံက ကုန်းရေနှစ်သွယ်သုံး ချေမှုန်းရေးရေယာဉ်တစ်စီးကို ထုတ်ဖော်ပြသ




တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် ရေတပ်သည် ၎င်း၏ Type 076 အတန်းအစား ပထမဆုံး Sichuan ကုန်းရေနှစ်သွယ်သုံး ချေမှုန်းရေးရေယာဉ် တစ်စီးကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တန်ချိန် ၄၀၀၀၀ ကျော်နှင့်အတူ Adouble Island Super-structure ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် ရေယာဉ် အတွက် ရေကြောင်းထိန်းသိမ်းခုတ်မောင်းရေးနှင့် ရေယာဉ်ပေါ်ပါရှိလာသည့် လေယာဉ်၊ ရဟတ်ယာဉ်များ ဆင်းသက်ပျံသန်း ထိန်းကျောင်းရေးတို့အတွက် ကျယ်ပြန့်သည့် သင်္ဘောကုန်းပတ်ပါဝင်မှု၊ လေယာဉ်ပျံတက်နိုင်ရန် ရှည်လျားသော ကုန်းပတ်တည်ဆောက်ထားမှုတို့ဖြင့် Sichuan ကုန်းရေနှစ်သွယ်သုံးချေမှုန်းရေးရေယာဉ်ကြီးသည် တရုတ်နိုင်ငံ၏ အဓိကကျသော ရေကြောင်းစွမ်းအားစု တစ်ရပ်အဖြစ် သတ်မှတ်ခံထားရကြောင်း သိရသည်။

အဆိုပါရေယာဉ်သည် တောင်ပံပုံသေ တပ်လေယာဉ်၊ ရဟတ်ယာဉ်များကို သယ်ဆောင်နိုင်သည့်အပြင် တိုက်လေယာဉ်များကိုပါ လျှပ်စစ်သံလိုက်လှိုင်းသုံး လောက်လွှဲစနစ် နည်းပညာများဖြင့် ပျံတက်၊ ဆင်းသက်နိုင်စေမည်ဖြစ်သည်။ လက်ရှိအချိန်တွင် Sichuan ရေယာဉ် အနေဖြင့် စမ်းသပ်မှုများစွာလုပ်ဆောင် နေဆဲဖြစ်ပြီး ပင်လယ်ရေကြောင်း မောင်းနှင်စမ်းသပ်မှုများလည်း ပါဝင်ကြောင်း သိရသည်။ အဆိုပါစမ်းသပ်မှုများနှင့်အတူကမ္ဘာသို့ မိတ်ဆက်ပြသနိုင်ခဲ့ခြင်းဖြစ်သည်။

ရေယာဉ်၏ အရွယ်အစားနှင့် စွမ်းရည်များသည် တရုတ်ရေတပ်ကို ၎င်း၏ သမုဒ္ဒရာနှစ်စင်း၊ ပင်လယ်သုံးသွယ် ကကြိုးနယ် မဟာဗျူဟာနှင့်အညီဝေးကွာ သောပင်လယ်ပြင်များတွင် ရေကြောင်းစွမ်းအားများ တိုးချဲ့ဖြန့်ကြက်နိုင်စေလိမ့်မည်ဟုတရုတ်နိုင်ငံ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးသုတေသနအင်စတီကျူမှ သုတေသီတစ်ဦးဖြစ်သူ Su Tzu-yun က ပြောကြားခဲ့သည်။

အဆိုပါမဟာဗျူဟာသည် အရှေ့တရုတ်ပင်လယ်၊ တောင်တရုတ်ပင်လယ်နှင့် ထိုင်ဝမ်ရေလက်ကြားတို့အပြင် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာတို့တွင် ၎င်း၏ဩဇာလွှမ်းမိုးမှုကို ချဲ့ထွင်ရန် တရုတ်နိုင်ငံ၏ရည်ရွယ်ချက်ကိုရည်ညွှန်းဖော်ပြနေသည်။ တစ်ချိန်တည်းတွင်ပင် ပင်တဂွန်စစ်ဌာနချုပ် အရာရှိဟောင်းနှင့် S. Rajaratnam School of International Studies မှ အကြီးတန်းသုတေသီ တစ်ဦးဖြစ်သူ Drew Thompson က Sichuan ကုန်းရေနှစ်သွယ်သုံး ချေမှုန်းရေးရေယာဉ်ကြီးကို ထုတ်ဖော်ပြသခဲ့မှုသည် အိမ်နီးချင်းနိုင်ငံများကိုခြိမ်းခြောက်ရန် သို့မဟုတ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)သည် တရုတ်(တိုင်ပေ)တွင် ခွဲထွက်ရေးအင်အားစုများကို သင်ခန်းစာပေးရန် ရည်ရွယ်ထားခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

Sichuan ရေယာဉ်ကြီးကို ထုတ်ဖော်ပြသခဲ့ခြင်းသည် တရုတ်နိုင်ငံ၏ စစ်ဘက်ခေတ်မီရေးကြိုးပမ်းမှုများတွင် ရေတပ်နှင့် လေတပ်စွမ်းအားတို့၌ တိုးတက်ဖွံ့ဖြိုးမှု အမျိုးမျိုးပါ အကျုံးဝင်နေသည်။ ၎င်းတွင် စစ်ဆင်ရေးများအတွင်း စွမ်းဆောင်ရည်မြင့်မားစွာ တိုက်ပွဲဝင်နိုင်စေရန် ကိုယ်ပျောက်တိုက်လေယာဉ်အသစ်များ တီထွင်တပ်ဖြန့်နိုင်ရေး ပါဝင်နေသည်။ မဟာဗျူဟာ တစ်စိတ်တစ်ပိုင်းအနေဖြင့် တရုတ်နိုင်ငံသည် အနောက်နိုင်ငံများ၊စစ်အင်အားကြီးနိုင်ငံများနှင့် နည်းပညာကွာဟချက်ကို အမီလိုက်နိုင်ခဲ့ကာ ကမ္ဘာ့တစ်ဝန်းတွင် အင်အားကြီးမားသော ရေတပ်အင်အားအဖြစ် အဆင့်အတန်းမြင့်မားစွာ ထိပ်တန်းရောက်စေရန် ရည်ရွယ်ကြိုးပမ်းနေခြင်းဖြစ်သည်။ အချုပ်အားဖြင့်ဆိုရသော် Sichuan ကုန်းရေနှစ်သွယ်သုံးချေမှုန်းရေးရေယာဉ်သည် တရုတ်နိုင်ငံ၏ ရေကြောင်းစွမ်းအားဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသော မှတ်တိုင်တစ်ခုဖြစ်ပြီး နိုင်ငံတကာရေပိုင်နက်တွင် စစ်အင်အားများ အဆင့်မြှင့်တင်ရန် အဆင့်မြင့်နည်းပညာနှင့် မဟာဗျူဟာမြောက် ရည်ရွယ်ချက်ကို ပေါင်းစပ်လုပ်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

**China Unveils Amphibious Assault Ship That Can Launch Fighter Jets ကိုဘာသာပြန်ဆိုထားပါသည်။**

## အိန္ဒိယနိုင်ငံက BRAHMOS ဒုံးကျည်များကို ဗီယက်နမ်သို့ ရောင်းချပေးရန်စီစဉ်

အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန်ဖိုးရှိ BRAHMOS ဒုံးကျည်များကို ဗီယက်နမ်သို့ ရောင်းချပေးရန် စီစဉ်နေကြောင်း Army Recognition သတင်းဌာနက ဇန်နဝါရီ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဒုံးကျည်စနစ်များတင်ပို့ရောင်းချသည့် ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ထွက်ပေါ်လာရန် ရည်မှန်းချက်ဖြင့် သမိုင်းမှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်တော့မည်လည်း ဖြစ်သည်။ ဤပဏာမခြေလှမ်းသည် ကာကွယ်ရေးကဏ္ဍတွင် မိမိကိုယ်ကိုအားကိုးမှုမြှင့်တင်ရန်၊ သွင်းကုန်များအပေါ် မှီခိုအားထားရမှု လျှော့ချရန်နှင့် ပြည်တွင်းထုတ် နည်းပညာစွမ်းရည်များ ထုတ်ဖော်ပြသနိုင်ရန် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာချမှတ်ဆောင်ရွက်မှုများနှင့်အညီ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ အဆင့်မြင့် ကာကွယ်ရေးလက်နက်စနစ်များကို ပံ့ပိုးရောင်းချပေးသည့်နိုင်ငံအဖြစ် အိန္ဒိယ၏ ကြီးထွားလာနေသော အခန်းကဏ္ဍကိုလည်း ထင်ဟပ်စေလျက်ရှိသည်။

အသံထက်မြန်သည့် စူပါဆောနစ် အလျင်နှုန်း Mach 2.8 မှ 3.0 ထိ ပျံသန်းတိုက်ခိုက်နိုင်သော BRAHMOS ဒုံးကျည်သည် အိန္ဒိယနိုင်ငံ ကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(DRDO)နှင့် ရုရှားနိုင်ငံ NPO Mashinostroyeniya ဒီဇိုင်းဗျူရိုတို့ကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ဖြစ်သည်။ ဘက်စုံသုံးနိုင်စေရန် ဒီဇိုင်းထုတ်ထားသည့် အဆိုပါဒုံးကျည်သည် အလေးချိန် ကီလိုဂရမ် ၃၀၀ ကိုသယ်ဆောင်နိုင်ပြီး ကြည်း၊ ရေ၊ လေ ပလက်ဖောင်းမျိုးစုံမှ ပစ်လွှတ်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် Missile Technology Control Regime (MTCR) အဖွဲ့ကြီးသို့ ဝင်ရောက်ခဲ့ပြီးကတည်းက ဒုံးကျည်၏ အကွာအဝေးသည် ကီလိုမီတာ ၂၉၀၊ ကီလိုမီတာ ၄၅၀ မှ ကီလိုမီတာ ၆၀၀ ထိ အဆင့်ဆင့်တိုးမြှင့်လာခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် BRAHMOS ဒုံးကျည်များကို ပထမဆုံး ဝယ်ယူအားပေးသော ပြည်ပနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန်ဖိုးရှိ ဒုံးကျည်ဝယ်ယူရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆိုပါဒုံးကျည်များကို ၂၀၂၄ ခုနှစ်တွင် ပေးပို့နိုင်ခဲ့ပြီး အထူးသဖြင့် တောင်တရုတ်ပင်လယ်တွင် ၎င်း၏ရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်ရန် ဖိလစ်ပိုင်နိုင်ငံ၏ ကမ်းရိုးတန်းကာကွယ်




ရေးတပ်ဖွဲ့တွင် တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ ဤသဘောတူညီချက်သည် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးဈေးကွက်တွင်အိန္ဒိယထုတ်ကာကွယ်ရေးပစ္စည်းများ၏ ကျော်ကြားမှုကိုအလေးပေးဖော်ပြနိုင်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုအခါ BRAHMOS ဒုံးကျည်အတွက် ဒုတိယမြောက်ပြည်ပဖောက်သည်နိုင်ငံဖြစ်လာရန် လမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်ပြီး နှစ်နိုင်ငံအဆင့်မြင့်တာဝန်ရှိသူများကြား ဆွေးနွေးမှုများ ပြုလုပ်နေကြကြောင်း သိရသည်။ သဘောတူညီချက်များကို လာမည့်လများအတွင်း အပြီးသတ်နိုင်လိမ့်မည်ဟုမျှော်မှန်းရပြီး ဗီယက်နမ်ကြည်းတပ်နှင့်ရေတပ်အတွက် အသုံးပြုရန် ဒုံးကျည်စနစ်များ ဝယ်ယူနိုင်ဖွယ်ရှိကြောင်း သိရသည်။

**India Poised to Strengthen Missile Exports with Potential BRAHMOS Deal in Vietnam ကို ဘာသာပြန်ဆို ထားပါသည်။**

မင်းမျိုး

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၂၃၉ ဧက စိုက်ပျိုးပြီးစီး



**ကျွန်းလှ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၂၃၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၃၈၉၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်အတွင်း မြေပဲဧက ၁၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကြောင်း၊ တစ်ဧက စိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက် မှတ်တမ်းများယူခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲများ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေပြီး ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သဖြင့် မြေပဲများကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကင်းမွန် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကင်းမွန် ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာလအတွင်း ကင်းမွန် ပိဿာချိန် ၅၂၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကင်းမွန်ပိဿာချိန် ၈၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန် တစ်ပိဿာလျှင် ငွေကျပ်၂၁၀၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်တွေ ပုံမှန် တင်ပို့ရောင်းချနေပါတယ်။ လက်ရှိကင်းမွန်တွေ အဝယ်များနေလို့ အရင်ကထက် ပိုမိုတင်ပို့နေရပါတယ်။ နိုဝင်ဘာလကထက် ဒီဇင်ဘာလအတွင်းမှာ ကင်းမွန် ပိဿာချိန် ၃၅၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ကုန်များများ တင်ပို့ ရောင်းချခဲ့ရတော့ ငါးလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်း ကောင်းနေတာ တွေ့ရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးရီက ပြောပြသည်။



အဆိုပါ ကင်းမွန်များကိုစနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါကင်းမွန်များကို ရန်ကုန်ဈေးကွက်မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# တောင်သာမြို့နယ် ရုံးစည်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**တောင်သာ ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရုံးစည်ကြီးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ VDP စီမံကိန်း တာဝန်ခံတို့က ရုံးစည်ကြီးကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ ကော်မတီဝင်များနှင့် တွေ့ဆုံကာ အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ကြရန်၊ ဆောင်ရွက် ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရုံးစည်ကြီးကျေးရွာ ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက် လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာ ပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၁၅ သန်း အသုံးပြု၍ ဦးစီးဌာနမှ နည်းပညာ ကူညီပံ့ပိုးမှုဖြင့် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၁၃၈ အိမ်မှ လူဦးရေ ၆၇၂၃ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့တော့မည်ဖြစ်ကြောင်း မြို့နယ် ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။ **ချစ်ဦးကို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၆-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၀၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အဝတ်အထည်ချုပ်လုပ်မှုသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

အဝတ်အထည်ချုပ်လုပ်မှု သင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ်ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး Guangxi Economic and Trade Vocational Institute မှကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနအနေဖြင့် ၁၉၇၉ ခုနှစ်မှစတင်၍ ဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းကာ စက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပြီး စက်မှုကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုအခါ အထည်ချုပ်ကဏ္ဍအတွက် အထည်ချုပ်သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် အစဉ်လေ့လာသင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်းတွင် လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားသူ၊ အစဉ်လေ့လာသင်ယူနေသူများဖြစ်အောင် အပတ်တကုတ်ကြိုးစားအားထုတ်ပြီး အနာဂတ်မြန်မာနိုင်ငံ၏ အထည်အလိပ်၊ အဝတ်အထည်နှင့် အထည်ချုပ်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် Guangxi Economic and Trade Vocational Institute မှ ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် အဝတ်အထည်ချုပ်လုပ်မှု သင်တန်းခန်းမအတွင်းရှိ သင်ထောက်ကူပစ္စည်းများ၊ အဝတ်အထည်ချုပ်လုပ်မှုနှင့်ပတ်သက်၍ သင်ကြားပေးနေမှုတို့ကို လှည့်လည်အားပေးကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးဦးစီးဌာနမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ(၁/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်နှင့် အမျိုးသမီးအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးကော်မတီအတွင်းရေးမှူးများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း- NSPAW (၂၀၂၃-၂၀၃၂)၏ လုပ်ငန်းနယ်ပယ် ၁၂ ရပ်နှင့် စပ်လျဉ်း၍သက်ဆိုင်ရာဝန်ကြီးဌာနများကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ NSPAWလုပ်ငန်းကော်မတီ ၁၂ ရပ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှု ကနဦးအစီရင်ခံစာနှင့် နှစ် နှစ်လျှင်တစ်ကြိမ် အစီရင်ခံစာတင်သွင်းနိုင်ရေး၊ ကျား၊ မ ရေးရာလုပ်ငန်းစဉ်များကို ကဏ္ဍစုံတွင်ထည့်သွင်းခြင်း (Gender Mainstream-ing) ဆောင်ရွက်နိုင်ရန် ခန့်အပ်ထားသည့် သက်ဆိုင်ရာဌာနများမှ Gender Focal Point များက လုပ်ငန်းဆောင်ရွက်မှုများကို သုံးလတစ်ကြိမ် အစီရင်ခံစာပြုစုတင်ပြရေး တို့ကိုဆွေးနွေးရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင်တည်ရှိနေသောကြောင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းကိုကျယ်ကျယ်ပြန့်ပြန့်ရေးဆွဲထားခြင်းဖြစ်၍ အမျိုးသား၊ အမျိုးသမီးအားလုံးသိရှိနိုင်ရန် အသိပညာပေးခြင်းများဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း-NSPAW တွင် ပါဝင်သည့် လုပ်ငန်းနယ်ပယ် ၁၂ ရပ်အနက် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း NSPAW လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂)၌ကျင်းပရာ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ဒုတိယ ဝန်ကြီး ဦးမင်းမင်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌ များဖြစ်ကြသည့် စီးပွားရေးရာဝန်ကြီးများ၊ ဌာန ဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စားသုံးသူ ကာကွယ်ရေးအတွက်၂၀၁၇ ခုနှစ်မှစတင်ပြီး စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)အပါအဝင် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများ၊ ခရိုင်ဦးစီးမှူးရုံး များတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center-CICC) ၄၈ ခုကို ဖွင့်လှစ်ထားရှိပြီး လူကိုယ်တိုင်ဖြစ်စေ၊ စာ၊ အီးမေးလ်၊ ဖုန်းဖြင့် တိုင်ကြားလာသည့် စားသုံးသူတိုင်ကြားမှု များအပေါ် လက်ခံဖြေရှင်းဆောင်ရွက်ပေး လျက်ရှိကြောင်း၊ ထို့ပြင် အလွယ်တကူခေါ်ဆို တိုင်ကြားနိုင်ရန် Consumer Call Center (၁၅၃၅)ကို ၂၀၂၂ ခုနှစ်မှစတင်၍နေပြည်တော် ရှိ စားသုံးသူရေးရာဦးစီးဌာနရုံးချုပ်တွင် ဖွင့်လှစ်ခဲ့ပြီး ယခုအခါ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ လိုင်းခွဲနံပါတ်များ တိုးချဲ့ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း၊၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ တိုင်ကြားလာသောအမှု များကိုဖြေရှင်းထားသည့်နည်းလမ်းများအား ကိုးကားနိုင်ရန်နှင့် လေ့လာဖတ်ရှုနိုင်ရန် ရည်ရွယ်၍ **“စားသုံးသူတိုင်ကြားမှုအပေါ် ဖြေရှင်းဆောင်ရွက်ရာတွင် စံပြုဖွယ်ရာ အမှုများ”** စာအုပ်ကို နှစ်အလိုက်ပြုစုထုတ်ဝေ လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ်ဇန်နဝါရီမှ ဒီဇင်ဘာ ၁၅ ရက်ထိ စားသုံးသူတိုင်ကြား မှုစုစုပေါင်း ၃၃၂ မှု ရှိသည့်အနက် ကုန်စည် ဆိုင်ရာတိုင်ကြားမှု၃၆မှု၊ ဝန်ဆောင်မှုဆိုင်ရာ တိုင်ကြားမှု၂၉၆ မှုရှိပြီး ဝန်ဆောင်မှုဆိုင်ရာ တိုင်ကြားမှုများအနက် ဆယ်သွယ်ရေး၊ ငွေရေးကြေးရေးနှင့် အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးနှင့် သက်ဆိုင်သည့် တိုင်ကြားမှုများ အများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးအောင်အောင်က ယခင်အစည်း အဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှု၊ ကော်မရှင်က အဆုံးအဖြတ်ပေး ရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၅) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်း အဝေး (၁/၂၀၂၅)ကို ယနေ့နံနက် ၁၀ နာရီ တွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) ရှိ Meeting Hall ၌ကျင်းပရာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မကူးစက် နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေး ဌာနခွဲတို့မှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကမ္ဘာ တစ်ဝန်းတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲ မှု တစ်မျိုးတည်းကြောင့် နှစ်စဉ် လူဦးရေ ရှစ်သန်းကျော် သေဆုံးနေရပြီး အဆိုပါ လူဦးရေမှ ၁ ဒသမ ၂ သန်းသည် ကိုယ်တိုင် ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲခြင်းကြောင့် မဟုတ်ဘဲ အခြားသူသောက်သုံးသည့် တစ်ဆင့်ခံဆေးလိပ်ငွေ့ (Second-hand smoke)ကြောင့် ရောဂါများဖြစ်ပွား၍ သေဆုံးနေရပြီး အများစုသည် အမျိုးသမီး နှင့် ကလေးငယ်များဖြစ်သည်ကို တွေ့ရှိ ရကြောင်း။



၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကိုလည်း ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အများပြည်သူများ အကြား ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက် သုံးမှု လျော့နည်းကျဆင်းရေးကို ရည်ရွယ်၍ ထုတ်ပြန်ကြေညာခဲ့သည့် **“ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများကို စံသတ် မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများ ကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်”**သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင် အာဏာသက်ဝင်ခဲ့ပြီး ဖြစ်သည့်အတွက် အမိန့်စာကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို အားဖြည့်ဆောင်ရွက်ပေးရန် တိုက်တွန်း မှာကြားလိုကြောင်း၊ အမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး နှင့်ပတ်သက်၍ လုပ်ငန်းရှင်များဘက်က လိုက်နာဆောင်ရွက်ရန် ကိစ္စများကိုလည်း အထူးအလေးထားလိုက်နာကြရန် လိုအပ် ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ အဖွဲ့ဝင် ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာ ကျော်ကံကောင်းက **“ဆေးလိပ်နှင့်ဆေးရွက် ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက် များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေး သတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ် ဖော်ပြခြင်းဆိုင်ရာအမိန့်”**နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်း တင်ပြပြီး ဗဟိုအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

🏳 **ရှေ့ဖုံးမှအဆက်**

ထပ်မံဝင်ရောက်လာနိုင်သည်ဟု မိုးအင်းကြီး အင်းဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးက ခန့်မှန်းထားသည်။



ရှားပါးငှက်စာရင်းဝင် ဆောင်းခိုငှက် စစ္စလီကြီး(Fulvous Whistling-Duck)များကို တွေ့ရစဉ်။

“ဒီနှစ်ဆောင်းရာသီမှာ ဆောင်းခိုငှက် မျိုးစိတ်လေးမျိုး လျော့နေတာတွေ့ရတယ်။ မိုးရေဝင်ရောက်မှုများခဲ့တာရယ်၊ အအေး ခါတ်လျော့နေတာကြောင့် ဆောင်းခိုငှက် အဝင်နည်းသေးတာလို့ ပြောရမှာပါ။ အခု လကုန်ပိုင်းဆိုရင် ကောင်ရေဝင်ရောက်မှု အတိအကျ သိနိုင်ပါပြီ။ မိုးယွန်းကြီးအင်းကို ရှားပါးငှက်မျိုးစိတ် ၁၀ မျိုးဝင်ရောက်လေ့ ရှိပြီးတော့ ဒီရာသီမှာ မျိုးစိတ်ငါးမျိုးတွေ့ နေရပါပြီ။ နောက်လမှာအားလုံးတွေ့ရနိုင် ပါတယ်”ဟု မိုးယွန်းကြီးအင်း တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးက ပြောသည်။

ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် ဆောင်းခို ငှက် မျိုးစိတ်လေးမျိုးမှ ငှက်ကောင်ရေ ၆၄၀ ကျော်လျော့နည်းခဲ့သော်လည်း ယခုနှစ် ဆောင်းရာသီ၌ ဆောင်းခိုငှက်မျိုးစိတ် ၃၀ တွင် ကောင်ရေ ၃၇၀၀ ကျော်၊ ဌာနေ ရေပျော်ငှက်မျိုးစိတ် ၁၉ မျိုးတွင် ကောင်ရေ ၈၉၀၀ ကျော်၊ ကုန်းနေငှက်မျိုးစိတ် ၆၆ မျိုး တွင် ကောင်ရေ ၇၅၀၀ ကျော် စုစုပေါင်း ငှက်မျိုးစိတ် ၁၁၅ မျိုးမှ ငှက်ကောင်ရေ ၂၀၀၀၀ ကျော် ဝင်ရောက်ကျက်စား လျက်ရှိပြီး နို့တိုက်သတ္တဝါ ၁၂၀၊ ကုန်းနေ ရေနေနှင့် တွားသွားသတ္တဝါ ၂၈ မျိုး၊ အင်းဆက် ၃၃ မျိုး၊ ငါးမျိုး စိတ် ၄၄ မျိုးနှင့် ရေနေပင် ၇၄ မျိုးတို့ တည်ရှိနေကြောင်း သိရသည်။

အင်းအတွင်းနှင့်အင်းဧရိယာအစပ်တို့၌ ဘဲပြာကလေး၊တောဝမ်းဘဲ၊ခရုတုတ်၊ခရုစုပ် ခေါင်းမည်း၊ ရေညှော်၊ ဒီလုံး၊ ဒေါင်းလန်း ခြေထောက်၊ တစ်တီတူး၊ တလိုင်းခေါင်း၊ တောဝမ်းဘဲ၊ဘဲအ၊ခရုတုတ်၊စစ္စလီ၊ရေကြက် ဒုံ၊အော်ယော်၊စင်ရော်နှင့်အခြား ဆောင်းခို ငှက်များ ကျက်စားလျက်ရှိပြီး ဒိုက်များနှင့် ကြာတောများအတွင်း၌ တင်ကျီး၊ ဥပန်း၊ စစ္စလီ၊မယ်ညို၊ကရကတ်၊ခရုစုပ်၊ငှက်ကျား၊ ခရုစုပ်ခေါင်းမည်း၊ မယ်ညိုပြောက်၊ ဗျိုင်း အောက်၊ ကြာဖက်နင်း၊ ဘောင်ထုတ်၊ စွန်တောက်ကျား၊ လင်းဝက်၊ ပိန်းညှင်း၊ ပုဇဉ်းထိုး၊ ငှက်တစပ်၊ စွန်တောင်နက်၊ ဒေါင်းစွန်၊ ငှက်တော်၊ ငှက်ပန်းထိမ်၊ဗျိုင်းမျိုး စိတ်များနှင့် အခြားဌာနေ ရေပျော်ငှက်များ ကျက်စားလျက်ရှိကြောင်းမိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေး မှူးရုံးမှ သိရသည်။မိုးယွန်းကြီးအင်း ဘေးမဲ့ တောသို့ ဆောင်းခိုငှက်များလည်း အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်ဝင်ရောက်လေ့ရှိပြီး ဧပြီလနောက်ဆုံး ပတ်တွင် ပြန်လည်ထွက်ခွာလေ့ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပပြီးစီးမှုနှင့်ပတ်သက်သည့် ဦးစီးကော်မတီလုပ်ငန်းသုံးသပ်အစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၆

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပြီးစီးမှုနှင့်ပတ်သက်သည့် ဦးစီးကော်မတီလုပ်ငန်း သုံးသပ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဆပ်ကော်မတီများမှ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခင်နှစ် (၂၄)ကြိမ်မြောက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၃၀၆ ဦး ယှဉ်ပြိုင်ခဲ့ပြီး ယခု (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဦးရေ ၂၅၄၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသဖြင့် ပြိုင်ပွဲဝင်အင်အား ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ယခုနှစ်တွင် အချို့သောဘာသာရပ်များ၌ ဆုအရေအတွက် ပိုမိုချီးမြှင့်ပေးခဲ့သဖြင့် ပြိုင်ပွဲဝင်များ၏ စိတ်ဓာတ်ခွန်အားကိုဖြစ်စေခဲ့ပြီး ပြိုင်ပွဲဝင်များအတွက် ရွှေ၊ ငွေ၊ ကြေးနှင့် ဒိုင်းတံဆိပ်ဆု စုစုပေါင်း ၅၅၀ ကို ချီးမြှင့်ပေးအပ်နိုင်ခဲ့ကြောင်း၊ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်က အလေးထားကာ နှစ်စဉ်ကျင်းပပေးလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး နောင်နှစ်ပေါင်းများစွာ ရှင်သန်ဖွံ့ဖြိုးတိုးတက်နေစေရေးအတွက် ပြိုင်ပွဲ၏အားသာချက်၊ အားနည်းချက်များကို အလေးဂရုပြုပြီး ဝိုင်းဝန်းသုံးသပ် ဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဲနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲကျင်းပပြီးစီးမှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ အကြံပြုသုံးသပ်ချက်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားတို့၏ ရိုးရာတူရိယာများကို စုပေါင်းတီးခတ် ဖျော်ဖြေနိုင်ရန်အတွက် ဦးဆောင်ကြိုးပမ်းဖန်တီးပုံဖော်ဆောင်ရွက်ခဲ့သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ကုန်ပစ္စည်းများ ပေးအပ်



ဘားအံ ဇန်နဝါရီ ၆

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများ စုပေါင်း၍ စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အသက်ကို ပဓာနမထားဘဲ တာဝန်များထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းဖြင့် အားပေးကူညီပေးခြင်းဖြစ်ပါကြောင်း၊ တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အန္တရာယ်ကင်းရှင်း၍ တိုက်ပွဲတိုင်း အောင်မြင်နိုင်ပါစေဟု ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးထံ စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး လှူဒါန်းကြသည့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများနှင့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စားသောက်ဖွယ်ရာများ ကြော်လှော်ချက်ပြုတ်ပေးကြသည့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများကို ငွေကျပ် ၁၁ သိန်း ပေးအပ်ချီးမြှင့်သည်။

ယနေ့တွင် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော်၊ ငါးခြောက်ကြော်၊ ခေါက်ဆွဲခြောက်၊ အချိုရည်၊ ကော်ဖီမစ်၊ မြေပဲဆားလှော်၊ ကြံသကာ စသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး ပါဝင်သည့် အထုပ် ၇၅၀၀ ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဆဋ္ဌမအကြိမ်မြောက်ပေးအပ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# Naypyitaw State Academy ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဇန်နဝါရီ ၆

Naypyitaw State Academy ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာ၊ သိပ္ပံ၊ လူမှုရေးပညာ အထူးပြု မောင်မယ်သစ်လွင်ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေး၊ ဥပဒေ၊ အားကစား၊ ဆေးပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက ထိပ်တန်းတက္ကသိုလ် တေးသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်က သင်တန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက Naypyitaw State Academy တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကာ အစီအစဉ်အတိုင်းဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုနယ်မြေအတွင်း အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့်အာမခံအလုပ်သမားများကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်များထုတ်ပေးရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေအတွင်း အကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ ရေဘေးသင့် အာမခံအလုပ်သမားများကို လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းခွင့်ပြုထုတ်ပေးရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အရာထမ်း၊ အမှုထမ်းများ၊ တာဝန်ရှိသူများနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်ဖွန်း မုန်တိုင်း(ရာဂါ)၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် ပြည်သူအများ အတိဒုက္ခရောက်ခဲ့ရပြီး အလုပ်ရုံ၊ စက်ရုံ၊ လုပ်ငန်းဌာနများ ပိတ်သိမ်းရခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးရခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင်ရှိသည့် လူမှုဖူလုံရေး မြို့နယ်ရုံး ၈၀ တွင် ယနေ့အချိန်ထိ အလုပ်ဌာန ၃၄၉၂၇ ဌာနနှင့် အလုပ်သမား ၁၂၇၇၅၁၃ ဦးတို့ အကျိုးဝင်မှတ်ပုံတင်ထားပြီးဖြစ်ရာ ပြည်ထောင်စုနယ်မြေအတွင်း အလုပ်ဌာန ၁၀၈၁ ဌာန၊ အာမခံအလုပ်သမား ၂၇၇၃၄ ဦး မှတ်ပုံတင်ထားပြီး ၎င်းတို့အနက် အလုပ်ဌာန ၁၄၈ ဌာနက ရေဘေးသင့်အာမခံအလုပ်သမား ၉၇၁ ဦးကို ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၇၁ ဒသမ ၃၆၉ သန်းကိုယနေ့ အခမ်းအနားတွင် ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ အာမခံအလုပ်သမား ၉၇၁ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၇၁ ဒသမ ၃၆၉ သန်း လွှဲပြောင်းပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာ ငါးရက်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး ဇန်နဝါရီ ၆**

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တာရှည်အထားခံနိုင်ရန် ပြုပြင်မွမ်းမံခြင်းနည်းပညာ ငါးရက်သင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ထုံးဘိုရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သင်တန်းတွင် ပဲခူး၊ မန္တလေး၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီ၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းဦးရေ ၃၀ ကို သင်တန်းပို့ချနေမှုများနှင့် သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထုံးဘိုပိုးစာခြံအတွင်း စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် သစ်စိမ်းမြေသြဇာပိုက်ဆံလျှော် မျိုးစေ့ထုတ်စိုက်ခင်းနှင့် ရေဆင်း-၁ စပ်မျိုးနေကြာမျိုးစေ့ထုတ် စိုက်ခင်းများကိုလည်းကောင်း၊ စနစ်တကျပိုးမွေးမြူထားရှိမှုနှင့် ပိုးအိမ်ထုတ်လုပ်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်း ဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဥပဒေအသိပညာဖြန့်ဝေခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၆**

ဥပဒေအသိပညာဖြန့်ဝေခြင်းဆင့်ပွားသင်တန်းအမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၃၆)၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊သင်တန်းကြီးကြပ်နှင့် သင်တန်းနည်းပြများ၊ ဆရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့သင်တန်းတွင် ပညာရပ်ကျွမ်းသူများက ကဏ္ဍစုံသင်ကြားသကဲ့သို့ မိမိကိုယ်တိုင်ကလည်းနိုးကြားတက်ကြွစွာလေ့လာသင်ယူကြရန်နှင့်အချင်းချင်းအသိပညာမျှဝေရန်လိုအပ်ကြောင်း၊ ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများ၊ ဌာနဆိုင်ရာလုပ်ငန်းကျွမ်းကျင်သူအချင်းချင်းဆွေးနွေးဖလှယ်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိစေကြောင်း၊ ယခုသင်တန်းတက်ရောက်သူအားလုံးက ဥပဒေဆိုင်ရာပညာရပ်များကို နားလည်သဘောပေါက်ပြီး မိမိဌာနတွင်လည်းဥပဒေ၏အရေးပါမှုကိုသိရှိစေနိုင်ရန်ထပ်ဆင့်မျှဝေခြင်းများဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါသင်တန်းတွင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ဥပဒေမူကြမ်းရေးဆွဲခြင်းနှင့်ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ရေးဆွဲခြင်းစသည်တို့နှင့်စပ်လျဉ်း၍ သိကောင်းစရာနှင့်လိုက်နာကျင့်သုံးရန်များ၊တစ်ဆင့်ခံဥပဒေ(မူကြမ်း)ရေးဆွဲခြင်းများ၊ စာချုပ်စာတမ်းချုပ်ဆိုရာတွင် သိရှိလိုက်နာရန်နှင့်ဆောင်ရန်ရှောင်ရန် အချက်များကို သင်ကြားပို့ချသွားမည်ဖြစ်သည်။





ထို့ပြင် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းစွမ်းတမံဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသား၊သင်တန်းသူအရာထမ်း ၃၅ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၆**

သစ်တောများအား မှီခိုနေထိုင်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူအခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုဆိုင်ရာ စံပြသစ်တောများတည်ထောင်ခြင်းစီမံကိန်း၏ သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ဒေသခံများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စံပြသစ်တောစီမံကိန်းသည် သစ်တောထိန်းသိမ်းရေးနှင့် ဒေသခံပြည်သူအခြေပြု စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးစေရေးကို ဟန်ချက်ညီညီပေါင်းစပ်ဆောင်ရွက်ပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံတော်က ချမှတ်ဖော်ဆောင်လျက်ရှိသည့် စီးပွားရေးဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ဒေသခံများနှင့်ဆက်စပ်ဌာနများ ချိတ်ဆက်ဆောင်ရွက်ပြီး ရေရှည်တွင် ပိုမိုတိုးတက်ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ အခွင့်အလမ်းနှင့် အစီအစဉ်များ ရေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက်သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာ အချက်အလက်အလက်များကိုရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသော သစ်တောထိန်းသိမ်းရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှုဆိုင်ရာ လှုပ်ရှားမှုပိုစတာများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်သူအခြေပြု စံပြသစ်တောတည်ထောင်ခြင်း၏ သဘောသဘာဝနှင့် စီမံကိန်းလုပ်ငန်းတိုးတက်မှု၊ သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေခြင်းအတွက် ချိတ်ဆက်ဆောင်ရွက်နိုင်မည့်အလားအလာ၊ ဂေဟစနစ်ဝန်ဆောင်မှုနှင့် ဒေသခံပြည်သူအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်မှုတို့နှင့်စပ်လျဉ်း၍ တက်ရောက်လာသူများက ကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်စန်မြို့၌ ၂၀၂၅ ခုနှစ် လေးခရိုင် အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅ ခုနှစ် လေးခရိုင်အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့ မြို့နယ်အားကစားကွင်း၌ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ထို့နောက်တိုင်းမှူးနှင့်တာဝန်ရှိသူများက အားကစားသမားများကို လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အဖွင့်ပွဲစဉ်အဖြစ် လွိုင်လင်အသင်းနှင့် ပင်လုံအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဖေဖော်ဝါရီ ၁၀ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၇၈နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅ ခုနှစ် လေးခရိုင် အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဖယ်ခုံမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ ပြန်လည်အခြေချနေထိုင်နိုင်ရေး လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ဖယ်ခုံမြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး လုဒ်မယ်တော်ကျောင်း(မယ်တော်ဂူ)အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်အတွင်း KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစ၍ အဆိုပါမြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက်များအတွင်းသို့ဝင်ရောက်ကာ ကျေးရွာများအတွင်းရှိ နေအိမ်များကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

ထိုသို့လုပ်ဆောင်နေမှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများသည် လက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်သို့ သတင်းပေးပို့တိုင်ကြားမှုများပြုလုပ်ခဲ့ကြသဖြင့် တပ်မတော်နှင့် PNO အသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များပူးပေါင်း၍အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာKNPP၊ KNDF အဖွဲ့နှင့် PDFအမည်ခံ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများအတွင်းရှိနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများ ပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်းတို့ကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများအနေဖြင့် ဘေးလွတ်ရာနေရာများ၌ ယာယီနေရပ်စွန့်ခွာနေထိုင်ခဲ့ကြရသည်။



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦး ဖယ်ခုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာ များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ယခုအခါ တပ်မတော်၏နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် နယ်မြေဒေသပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် အကြမ်းဖက်သမားများဖျက်ဆီးသွားခဲ့သည့် ကျေးရွာများအတွင်း ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားများပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ်အတွင်းရှိ လမ်းဘေး ဝဲယာနေရာများနှင့် လုဒ်မယ်တော်ကျောင်း(မယ်တော်ဂူ)နေရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လုဒ်မယ်တော်ကျောင်း (မယ်တော်ဂူ)အတွက် အလှူငွေများပေးအပ်ပြီး အဆိုပါမြို့နယ်အတွင်းရှိဆရာတော်၊ သံဃာတော်များအား နတ်တောဘုန်းတော်ကြီးကျောင်းတွင် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများအား ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖြ၀၁)





KNPP၊ KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ ဖယ်ခုံမြို့အတွင်းရှိ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ည ၈ နာရီမှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက် ည ၈ နာရီထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၆၈ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုမတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန(Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန**




မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။



မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်ထွက်တံဆိပ်တုံးအတုများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

ဒါရိုက်တာ ခင်မောင်ရွှေ(ခ) ဗလတို့က တစ်ဦးလျှင် ဝန်ဆောင်ခ ငွေကျပ် သိန်း ၈၀ စီရယူ၍လည်းကောင်း၊ မောင်ကျော်မင်းထွန်းပါ နှစ်ဦးကို ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ၃၉ လမ်းထောင့် Central Tower တတိယထပ် အခန်း(၃၀၂)ရှိ လျှမ်းထက်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျင်း ဒါရိုက်တာ စုမြတ် (ခ) စုမြတ်နန္ဒာဝင်းက တစ်ဦးလျှင် ငွေကျပ်သိန်း ၇၀ စီရယူ၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများပြုလုပ်ပေးကာ မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ပို့ဆောင်၍ ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံသို့ တရားမဝင်လမ်းကြောင်းများမှ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ကြောင်း သိရှိရသဖြင့် မြဝတီမြို့မရဲစခန်းက နွယ်နီလှိုင်မင်း၊ ဗလနှင့် စုမြတ်တို့ကို ဥပဒေအရ အမှုဖွင့် လှစ်အရေးယူခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ One Asia အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ နွယ်နီလှိုင်မင်း၊ ဗလ၊ လျှမ်းထက်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ ဝဏ္ဏဇော် (ခ) ကိုပေါက်၊ နိုင်ငံကူးလက်မှတ် အတုပြုလုပ်သူများဖြစ်သည့် ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် စေတနာသုခလမ်းအမှတ်(၇၂/သုံးလွှာ-စီ)နေ ညီမြင်း၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် မာလာမြိုင်(၉)လမ်း၊အမှတ်(၁၁/ငါးလွှာ-ယာ)နေ ဂျွန်ကိုကို (ခ) ဂျွန်ကိုနှင့် ၎င်း၏ဖခင်ဖြစ်သူ ထွန်းရီ၊ မြန်မာနိုင်ငံကူးလက်မှတ်အတုများကို ဂျွန်ကိုကိုထံ အပ်နှံပြုလုပ်၍ အလုပ်သမားများကို မလေးရှားနိုင်ငံသို့ တရားမဝင်ပို့ဆောင်ပေးသူများဖြစ်သည့် ပန်းဘဲတန်းမြို့နယ် အမှတ်(၈)ရပ်ကွက် လမ်း(၃၀/အထက်) အမှတ်(၂၀၀)နေ စန်းဝင်း (ခ) ရဖီးနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းနှင့် ဗထူးလမ်းသွယ်ထောင့် အမှတ်(၁)နေ သန့်ဇင်ဦးတို့ ရှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ နွယ်နီလှိုင်မင်း၊ ဗလ၊ စုမြတ်၊ စန်းဝင်းနှင့် သန့်ဇင်ဦးတို့သည် မလေးရှားနိုင်ငံရောက် ကျော်စွာဆိုသူက မြန်မာအလုပ်သမားများကို မလေးရှားနိုင်ငံသို့ စေလွှတ်ပေးရန် အလုပ်အပ်နှံမှုအပါအဝင် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကိုစုဆောင်း၍ အခကြေးငွေကျပ်သိန်း ၈၀ ရယူပြီး ကျော်စွာအား ကျပ် ၁၇ သိန်း၊ ဇော်လင်းပိုင်နှင့် မျိုးလေး (ခ)ဖာရွတ်တို့ကို ထိုင်းဘတ်ငွေ ၂၀၀၀၀ (မြန်မာကျပ်ငွေ ၂၄ သိန်း)စီ၊ အထွေထွေ ကုန်ကျစရိတ် ကျပ် နှစ်သိန်း ကုန်ကျခဲ့ရာ နွယ်နီလှိုင်မင်းနှင့် ဗလတို့က ကျပ် ၁၃ သိန်း အကျိုးအမြတ်ရယူ၍ မလေးရှားနိုင်ငံနေ မျိုးလေး၏စီစဉ်မှုဖြင့် မြန်မာနိုင်ငံကူးလက်မှတ်အတုပြုလုပ်သူ ဂျွန်ကိုကိုထံ အပ်နှံအတုပြုလုပ်၍လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်မှ အချက်အလက်များကို ပြုပြင်အတုပြုလုပ်သူ ညီမြင်းထံ အပ်နှံပြုပြင်၍လည်းကောင်း မြန်မာနိုင်ငံကူးလက်မှတ်အတုများပြုလုပ်ကာ အလုပ်သမားများကို ရန်ကုန်မြို့သို့ ခေါ်ယူစုစည်း၍ ရန်ကုန်မြို့မှ ခရီးသည်တင်ယာဉ်ဖြင့် မြဝတီမြို့သို့ပို့ဆောင်ပေးကြောင်း၊ မြဝတီမြို့သို့ရောက်ရှိပါက ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ဇော်လင်းပိုင်ဆိုသူ၏ ကိုယ်စားလှယ်ဖြစ်သူ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်မြေရွှေဘိုရပ်နေ သက်နန္ဒာဝင်းက အမှတ်(၁) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ ယာယီနယ်စပ်ဖြတ်သန်းခွင့် လက်မှတ်(TBP)ဖြင့် လည်းကောင်း၊ တရားမဝင်လမ်းကြောင်းများမှလည်းကောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ပို့ဆောင်ကြောင်း၊ မဲဆောက်မြို့သို့ ရောက်ရှိပါက ဇော်လင်းပိုင်က ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်လက်မှတ်(ဘတ်ကတ်)အတုများထုတ်ပေးကာ မဲဆောက်မြို့မှ ဗန်ကောက်မြို့သို့ မော်တော်ယာဉ်ဖြင့် ပို့ဆောင်ကြောင်း၊ ဗန်ကောက်မြို့သို့ ရောက်ရှိပါက မြန်မာနိုင်ငံကူးလက်မှတ်အတုဖြင့် ထိုင်းနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်ဝယ်ယူ၍ ထိုင်းနိုင်ငံတောင်ပိုင်းရှိ နရာသီဝမြို့သို့ လေကြောင်းခရီးဖြင့်ပို့ဆောင်ပေးကြောင်း၊ နရာသီဝမြို့သို့ရောက်ရှိပါက မျိုးလေး၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံနယ်စပ် ကလန်တန်းမြို့သို့ တရားမဝင် ရေလမ်းကြောင်းမှ လှေဖြင့် လည်းကောင်း၊ ကလန်တန်းမြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ တရားမဝင်ကုန်းလမ်းကြောင်းမှ မော်တော်ယာဉ်ဖြင့်လည်းကောင်း ပို့ဆောင်ကြောင်း၊ ၎င်းနောက် မလေးရှားနိုင်ငံ ပြည်တွင်း လေကြောင်းလိုင်းများဖြင့် မလေးရှားနိုင်ငံအတွင်း မြန်မာနိုင်ငံကူးလက်မှတ်အတုများ ကိုင်ဆောင်သွားလာအလုပ်လုပ်ကိုင်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေအရအရေးယူဆောင်ရွက်ထားရှိကြောင်း၊ ဂျွန်ကိုကိုအနေဖြင့် ဗလနှင့် စုမြတ်တို့အပါ ၁၄ ဦးတို့ အပ်နှံသည့် နိုင်ငံကူးလက်မှတ်အတု ၇၃၄ အုပ်ကိုအတုပြုလုပ်ပေးခဲ့ကြောင်းနှင့် အမှုမှထွက်ပြေးတိမ်းရှောင်နေသည့် ကျန်တရားခံများဖမ်းဆီးရမိရေးအတွက် ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (ဓာတ)




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်ထွက်တံဆိပ်တုံး အတုများ မှတ်တမ်းဓာတ်ပုံ။




မြန်မာနိုင်ငံကူးလက်မှတ်အတုတွင် ရိုက်နှိပ်အသုံးပြုသည့် လေဆိပ်ဝင်ထွက်တံဆိပ်တုံးအတုများဖြင့် ရိုက်နှိပ်ထားသည့် မှတ်တမ်းဓာတ်ပုံ။

## တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကို ဖမ်းဆီးနေကြောင်း သတင်းတုသတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အစပ်ရှိ တောင်ကုတ်-ပန်းတောင်းလမ်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ်များကိုဖမ်းဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိပြီး ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ရွေးချယ်ခေါ်ဆောင်လျက်ရှိပြီး ဥပဒေမဲ့ဖမ်းဆီးခြင်းများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ဥပဒေမဲ့ဖမ်းဆီးပြီး လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါသတင်းသည်တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူလူထုစိုးရိမ်ပူပန်မှုမြင့်တက်စေရန်အတွက် လုပ်ကြံရေးသားကာ ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (ဓာတ)




## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“အနောက်မျှော် မီဒီညာတွေရဲ့ သပ်လျှိုသွေးခွဲသတင်းတွေကြားမှာ အစိုးရနဲ့ ပြည်သူအချင်းချင်းကြား သွေးမကွဲဖို့လိုအပ်နေပြီ”** ခေါင်းစဉ်ဖြင့် ၈-၁-၂၀၂၅ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာ လူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု ၁၆၈၈ ကြိမ်ဖြစ်ပွားခဲ့



**အော့တဝါ ဇန်နဝါရီ ၆**

ကနေဒါနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း အဓိကပြည်နယ်ကြီးများ၌ တောမီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ပြီး ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ၁၆၈၈ ကြိမ် ဖြစ်ပွားခဲ့ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း ဗြိတိသျှကိုလံဘီယာပြည်နယ်၌ တောမီးလောင်ကျွမ်းမှု ၁၆၈၈ ကြိမ်ထိ ဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းခဲ့သည့် သစ်တောမြေ ဟက်တာ ၁ ဒသမ ၀၈ သန်းထိ ရှိခဲ့ကြောင်း၊ ဗြိတိသျှ ကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု အဆိုးရွားဆုံးဖြစ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှာလည်း သဘာဝအလျောက် လောင်ကျွမ်းခဲ့သော တောမီးသာဖြစ်ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုတွေကို ပြန်လည်စိစစ်ကြည့်တော့ ကနေဒါနိုင်ငံ သက်တမ်းတစ်လျှောက် စတုတ္ထမြောက် အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှု ဖြစ်ခဲ့ပါတယ်။ ဗြိတိသျှကိုလံဘီယာ ပြည်နယ်ကတော့ တောမီးလောင်ကျွမ်းမှုအများဆုံးဖြစ်ပွားခဲ့တဲ့ ပြည်နယ်ဖြစ်ပါတယ်။ ဗြိတိသျှကိုလံဘီယာ ပြည်နယ် တစ်ခုတည်းမှာတင် တောမီးလောင်ကျွမ်းမှု ၁၆၈၈ ကြိမ်ထိရှိခဲ့ပြီး တောမီးလောင်ကျွမ်းခဲ့တဲ့ သစ်တောမြေဟက်တာ ၁ ဒသမ ၀၈ သန်းထိ ရှိခဲ့ပါတယ်" ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ချပ်မန်းက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံတွင် အပြင်းထန်ဆုံးဆီးနှင်းကျမှုဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်နိုင်ငံတွင် အပူချိန်ကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး အပြင်းထန်ဆုံး ဆီးနှင်းကျဆင်းမှုဖြင့် ရင်ဆိုင်နေရကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဌာနမှ ထုတ်ပြန်သောသတင်းများကို ကိုးကား၍ ယနေ့သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အလယ်ပိုင်းတွင် စတင်ဖြစ်ပေါ်လျက်ရှိသော မုန်တိုင်းတစ်ခု၏ အရှိန်ကြောင့် နိုင်ငံတစ်ဝန်းတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် အပူချိန်ကျဆင်းမှုများကြောင့် အမေရိကန်နိုင်ငံသား သန်းပေါင်းများစွာသည် အပြင်းထန်ဆုံး ဆီးနှင်းကျဆင်းမှုဖြင့် ရင်ဆိုင်နေရပြီး နောက်နှစ်ရက်အတွင်း ပိုမိုပြင်းထန်သောအခြေအနေများဖြင့် ကြုံတွေ့ရနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးထားသည်။

"ဒီရာသီဥတုဖြစ်စဉ်ဟာ အမေရိကန်နိုင်ငံအတွက် အပြင်းထန်ဆုံး ဆီးနှင်းကျဆင်းမှုလို့ဆိုနိုင်ပြီး နှစ်စဉ် ပျမ်းမျှအပူချိန်အောက်ကို ရောက်ရှိနေတဲ့အပြင် အမေရိကန်နိုင်ငံရဲ့ အအေးဆုံးဇန်နဝါရီလ အဖြစ်ပါ စံချိန်တင်သွားနိုင်ပါတယ်"ဟု ရာသီဥတုခန့်မှန်းသူတစ်ဦးဖြစ်သူ ဒန်ဒီပေါ့ဝင်းက ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံ အလယ်ပိုင်းတွင် ပြီးခဲ့သော သီတင်းပတ်မှ စတင်ခဲ့သောမုန်တိုင်းသည် နိုင်ငံအရှေ့ပိုင်းဒေသများသို့ ဆက်လက်ရွေ့လျားလျက်ရှိရာ ကန်တပ်ကီ၊ ဗာဂျီနီးယား၊ ကန်ဆက်၊ အာကန်ဆက်၊ မစ်ဆိုရီပြည်နယ်တို့တွင် အရေးပေါ်အခြေအနေ ကြေညာထားပြီး မစ္စစ္စပီနှင့် ဖလော်ရီဒါကဲ့သို့ အအေးပိုင်းမဟုတ်သောဒေသများတွင်လည်း ပြင်းထန်သောအအေးဒဏ်ကိုခံစားရနိုင်သဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် သတိပေးထားကြောင်း သိရသည်။

ပြင်းထန်သော ရာသီဥတုအခြေအနေများကြောင့် အမေရိကန်နိုင်ငံသို့ အဝင်အထွက် လေကြောင်း ခရီးစဉ် ၁၅၀၀ ခန့် ဖျက်သိမ်းထားရကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ဩစတြေးလျနိုင်ငံ ဘရော့ခ်ဟေးနယ်မြေတွင် နှစ်ရက်အတွင်း လျှပ်သုံးကြိမ်လျှပ်ခတ်မှုဖြစ်ပွား

**ကင်ဘာရာ ဇန်နဝါရီ ၆**

ဩစတြေးလျနိုင်ငံ ဘရော့ခ်ဟေးနယ်မြေတွင် နှစ်ရက်အတွင်း လျှပ်သုံးကြိမ်ထိ လျှပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း Geoscience Australia က ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ပထမဆုံးအကြိမ် လျှပ်ခတ်ခဲ့သောလျှပ်မှာ ဇန်နဝါရီ ၄ ရက် အစောပိုင်းကဖြစ်ပြီး ပြင်းအား ၂ ဒသမ ၆ မဂ္ဂနီကျူ ရှိခဲ့ကြောင်း၊ ဒုတိယအကြိမ် လျှပ်ခတ်ခဲ့သောလျှပ်မှာ ပြင်းအား ၄ ဒသမ ၁ မဂ္ဂနီကျူရှိပြီး ဇန်နဝါရီ ၅ ရက်က လျှပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ တတိယအကြိမ် လျှပ်ခတ်ခဲ့သောလျှပ်မှာ ဇန်နဝါရီ ၅ ရက်က လျှပ်ခတ်ခဲ့ပြီး ပြင်းအား ၃ ဒသမ ၃ မဂ္ဂနီကျူ ရှိခဲ့ကြောင်း၊ လျှပ်သည် ပုံမှန်မဟုတ်သည့် အခြေအနေမျိုးဖြစ်ပြီး လျှပ်လျှပ်ခတ်လေ့မရှိသည့်ဧရိယာတွင် လျှပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း Geoscience Australia က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"နှစ်ရက်အတွင်း ဘရော့ခ်ဟေးနယ်မြေမှာ ပုံမှန်မဟုတ်တဲ့ လျှပ်လျှပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ လျှပ်လျှပ်ခတ်လေ့မရှိတဲ့ အရပ်ဒေသမှာ အခုလို လျှပ်ဆက်တိုက်လျှပ်ခတ်မှု ဖြစ်ပွားခဲ့တာဟာ ထူးခြားတဲ့ပြောင်းလဲမှုဖြစ်စဉ်တစ်ရပ်ဖြစ်ပါတယ်။ လျှပ်လှိုင်းရိုက်ခတ်ခဲ့တဲ့ နေရာ ၇၅ နေရာထိ ရှိခဲ့တယ်။ မှတ်တမ်းတွေအရ ဘရော့ခ်ဟေးမှာ ပြီးခဲ့တဲ့ ၈၅ နှစ်တာကာလအတွင်း လျှပ်လျှပ်ခတ်မှု ၁၈ ကြိမ်သာ ရှိခဲ့ပြီး အခုက သုံးကြိမ်ဆက်တိုက်ကို လျှပ်ခတ်ခဲ့တာဟာ ပုံမှန်မဟုတ်တဲ့ ထူးခြားဖြစ်စဉ်တစ်ရပ်ပါ"ဟု Geoscience Australia မှ စီနီယာဘူမိဗေဒပညာရှင် တစ်ဦးဖြစ်သူ ဖီးလ်ကမ်မင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# အီသီယိုးပီးယားနိုင်ငံတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များကြောင့် စာသင်ကျောင်း ၆၀၀၀ ကျော် ပိတ်ထားရ

**အဒစ်အဘာဘာ ဇန်နဝါရီ ၆**

အီသီယိုးပီးယားနိုင်ငံတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်များကြောင့် စာသင်ကျောင်းပေါင်း ၆၀၀၀ ကျော် ပိတ်ထားရကြောင်း ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF) အဖွဲ့၏ ဇန်နဝါရီ ၅ ရက်က ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ သိရသည်။

အီသီယိုးပီးယားနိုင်ငံတစ်ဝန်းတွင် ငလျင်ဒဏ်၊ မုန်တိုင်းဒဏ်၊ မိုးခေါင်မှုဒဏ် စသည့်သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် စာသင်ကျောင်းပေါင်း ၆၀၀၀ ကျော် ပိတ်ထားရပြီး ကျောင်းမနေနိုင်သော ကလေးဦးရေမှာ ကိုးသန်းကျော်ရှိနေကြောင်း UNICEF အဖွဲ့၏ နောက်ဆုံးထုတ်ပြန်ခဲ့သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

အီသီယိုးပီးယားနိုင်ငံတစ်ဝန်း စာသင်ကျောင်းအားလုံး၏ ၁၈ ရာခိုင်နှုန်းရှိသော ကျောင်းပေါင်း ၁၀၀၀၀ ကျော်သည် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ကလေးများအတွက် ဘေးကင်းသော သင်ကြားရေးအခြေအနေ ရရှိမှုမရှိကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။

အထူးသဖြင့် အမ်ဟာရာဒေသနှင့် အိုယိုမီးယားဒေသတို့တွင် သဘာဝဘေး အန္တရာယ်ကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးရမှုများ ဖြစ်ပေါ်လျက်ရှိပြီး ကလေးအားလုံးမှာ ပညာသင်ကြားနိုင်ခြင်း မရှိကြောင်း သိရသည်။

အဆိုပါ အခြေအနေများကြောင့် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့ အရေးကြီးဝန်ဆောင်မှု လုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လျက်ရှိပြီး ရန်ပုံငွေပြတ်လပ်မှုကြောင့်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထပ်မံလိုအပ်လျက်ရှိသည်ဟု အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# ဗြိတိန်နိုင်ငံ အယ်လော့ဝိုက်ကျွန်းတွင် မက်ဒီနာမြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ်အဝါရောင်အဆင့်သတ်မှတ်

**လန်ဒန် ဇန်နဝါရီ ၆**

ဗြိတိန်နိုင်ငံ အင်္ဂလန်ရေလက်ကြားရှိ အယ်လော့ဝိုက်ကျွန်းတွင် မက်ဒီနာမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပွားနေပြီး ဇန်နဝါရီ ၆ ရက်မှစ၍ ရေဘေးအန္တရာယ်သတိပေးချက်အဝါရောင်အဆင့်သတ်မှတ်ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင် အေဂျင်စီ (EA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်လော့ဝိုက်ကျွန်းတွင် အခြေခံအဆောက်အအုံ တချို့ ရေလွှမ်းနေပြီး ရေလွှမ်းမှုကြောင့် လမ်းတချို့ ယာယီပိတ်ထားရကြောင်း၊ မိုးရေချိန်မှာ ၃၄ မီလီမီတာထိ မြင့်တက်ခဲ့၍ မက်ဒီနာမြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့သဖြင့် ရေဘေးအန္တရာယ်သတိပေးချက် အဝါရောင်အဆင့်အဖြစ် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ လာမည့်ရက်ပိုင်းထိ မိုးဆက်လက်ရွာသွန်းဖွယ်ရှိနေပြီး မိုးရေချိန်မှာ ၁၀ မီလီမီတာ ထပ်မံမြင့်တက်လာနိုင်ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"မိုးရေချိန်မြင့်တက်လာနိုင်ဆဲဖြစ်တဲ့အတွက် မက်ဒီနာမြစ်ရေပမာဏ ဆက်လက်မြင့်တက်လာနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ စတင်ရင်ဆိုင်နေရတဲ့ ဧရိယာတွေမှာတော့ အေဂျင်စီက Operation Team က ပြည်သူတွေ အန္တရာယ်မရှိစေဖို့အတွက် လိုအပ်တဲ့ကြိုတင်ပြင်ဆင်မှုတွေ စတင်လုပ်ဆောင်နေပြီဖြစ်ပါတယ်။ မိုးလေဝသအခြေအနေနဲ့ ပတ်သက်ပြီး ပြောင်းလဲမှုတွေကိုလဲ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေပါတယ်။ မိမိတို့နေရပ်မှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရမဲ့အခြေအနေဖြစ်နေတယ်ဆိုရင်လဲ သက်ဆိုင်ရာကို အမြန်ဆုံးသတင်းပို့ပေးပါ။ မိမိတို့နေအိမ်ပတ်ဝန်းကျင်မှာလဲ တတ်နိုင်သလောက် ရေဝင်လာနိုင်တဲ့ လမ်းကြောင်းတွေမှာ အတားအဆီးတွေကို တတ်စွမ်းသလောက် ပြုလုပ်ပေးကြပါ"ဟု အင်္ဂလန် သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။


Ref : Sputnik News

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# ဖိနပ်ကလေးတစ်ရန်

ညိမ်းညို



(၁)

ပန်းရိုးမဖိနပ်ဆိုင်ထဲမှ ပြန်အထွက်တွင် ကျွန်တော့်လက်ထဲ၌ ကျွဲရိုင်းဖိနပ်တစ်ရန်ပါလာသည်။ အဝါရောင်ကလေးဖြစ်သည်။ အသစ်စက်စက် ဖိနပ်တစ်ရန်မို့ ကြက်ပေါင်စေးနံ့ကလေးတောင် သင်းနေသေးသည်။ ကျွန်တော်တို့အရပ်ဒေသမှာတော့ ကျွဲရိုင်းအမှတ်တံဆိပ် ကြက်ပေါင်ဖိနပ်သည် လုပ်ငန်းခွင်တွင် အကြမ်းခံသည်ဟု နာမည်ရ၏။

သည်ဖိနပ်ကလေးကို အမေပေးသည့် မုန့်ဖိုးနှင့်မဟုတ်ဘဲ ကျွန်တော့်လုပ်အားခဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သည်ဖိနပ်ကလေးနှင့် ပတ်သက်၍ ကျွန်တော့်၌ ရည်သန်ချက်တစ်ခု ပြင်းပြင်းပြပြရှိသည်။

ထိုရည်သန်ချက်မှာ ကျွန်တော်စီးရန် မဟုတ်၊ တစ်ပါးသောသူကို ပေးရန်ဖြစ်၏။ မည်သူ့ကို ပေးပါမည်လဲ။ လီဆူအဘိုးကြီးတစ်ယောက်ကို ပေးရန်ပင် ဖြစ်ပါ၏။

(၂)

ကျွန်တော်တို့မြို့ကလေးသည် မိုးများသောဒေသထဲတွင် ပါဝင်နေ၏။ မိုးရွာသည်မှာလည်း ပုံစံအမျိုးမျိုးနှင့်ဖြစ်သည်။ အုံနှင့်ကျင်းနှင့်သည်းသည်းထန်ထန် ရွာတတ်သလို တစ်လကိုးသီတင်း ဖွဲဖွဲစွေစွေ ရွာနေတတ်တာမျိုးလည်း ရှိသည်။ မိုးကုန်လို့ ဆောင်းကူးပြန်လျှင် အအေးဓာတ်က ကျွန်တော်တို့မြို့ကလေးကို နတ်ပူးသလို တုန်ခါယိမ်းထိုး ဝင်လာတတ်ပြန်သေးသည်။ ညဘက်တွင် ရက်ရက်စက်စက် အေးတတ်လေသောဆောင်းသည် နေ့ခင်းနေ့ဘက်တွင်မူ သူမဟုတ်သလို ကျွက်ကျွက်ဆူအောင် ပူချင်ပူနေတတ်ပြန်၏။ ရာသီ၏ ခက်ထန်ကြမ်းတမ်းခြင်းသည် မြို့ကလေးအတွက် ငယ်ပေါင်းကြီးဖော်ဟု ဆိုရမည်သာ။

ကျွန်တော်တို့၏ငယ်ဘဝ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များသည် အသားတော ထင်းတောတွင် အချိန်ကုန်ကြရသည်က များသည်။ မြို့ဝန်းကျင်မှ တောတောင်များ ရွာများကို ကျော်လွန်၍ တောင်တန်းကြီးများကို ဖြတ်သန်းကာ အသားထမ်း၊ ထင်းထမ်းသွားကြရသည်။ အသားဆိုသည်က ဒေသ၏ ကျောက်တွင်းလုပ်ငန်းများတွင် အသုံးပြုသည့် ခေါင်တိုင်၊ ဒေါက်တိုင်၊ မျောချောင်းစသည်တို့ဖြစ်၏။ သည်တုန်းက မြို့ကလေးသည် လျှပ်စစ်မီးနှင့် ချစ်ကြိုး မသွယ်ရသေး။ လောင်စာအတွက် မီးသွေး၊ ထင်းတို့နှင့်သာ တော်သလိုသင့်သလို နှစ်ပါးသွားနေရတုန်း အချိန်ဖြစ်သည်။

တစ်စတစ်စ တောင်ယာတွေ ချဲ့ထွင်စိုက်ပျိုးလာကြသဖြင့် ကျွန်တော်တို့သွားရသည့် ခရီးအကွာအဝေးကလည်း နီးရာမှ ဝေးလာသည်။ အနည်းဆုံး ခုနစ်မိုင်နှင့်အထက်လောက်ထိ ရှည်ရှည်လျားလျား မြေကြောဆန့်ကြရသည်။ အရင်ကဆိုလျှင် ဘာဂါး (ဂေါ်ရခါးရွာ)လောက်ကို ကျော်လိုက်ရုံမျှနှင့် နှစ်သက်ရာ အသားနှင့်ထင်းများကို ဖောဖောသီသီရွေးချယ်ခုတ်ယူနိုင်သည်။ အခုနောက်ပိုင်းကျတော့ ရေထွက်ကြီးတို့ မြင်းကျတို့ လားလန်တို့ကိုကျော်၍ နမ့်ဆကာဘက်ရောက်လုရောက်ခင်ထိပင် ခရီးပေါက်ချင်လာသည်။ ဝေးကွာသည်နှင့်အမျှ တောင်တက်တောင်ဆင်း ပိုကြမ်းလာတတ်သည်မှာလည်း သည်အရပ်ဒေသ၏ ရှောင်လွှဲမရသည့် ပုံသေနည်းတစ်ခုသာဖြစ်မည်ထင်သည်။

ထိုတောင်တက်၊ တောင်ဆင်းများထဲကမှ ကျွန်တော်တို့ ကြောက်သည့် နာမည်ကျော်အတက်ကြီးတစ်ခုရှိသည်။ ကုလားအော်အတက်ဟုခေါ်၏။ ဘာဂါးရွာအကျော် လျှိုကြီးကို ဖြတ်ပြီးချိန်တွင် ထိုအတက်ကို စတွေ့ရသည်။ မတ်စောက်သည်ဟု မဆိုသာသော်လည်း တောင်ကြောက အရှည်ကြီးဖြစ်၏။

မြင့်မားလှသောတောင်ကြီးကို ကမ်းပါးယံအတိုင်း ဝေ့ကာဝိုက်ကာ မေးတင်ပြီး ဖောက်ထားသဖြင့် တော်ရုံနှင့်မဆုံးနိုင်ဘဲ နာရီဝက်လောက်ကြာအောင် တလှုပ်လှုပ်တရွေ့ရွေ့တက်ကြရတာဖြစ်သည်။ ပခုံးပေါ်မှာလည်း အလေးအပင်ပါသည့်အပြန်ခရီးမျိုးဆိုလျှင် ထိုအတက်ကြီးကိုမြင်သည်နှင့် ကျွန်တော်တို့ စိတ်တွေ လန်လန်ကျသွားတတ်သည်။

ထိုရှည်လျားသောအတက်ကြီးမှာပင် အဘိုးကို စတွေ့ခဲ့ရခြင်းဖြစ်သည်။ အဘိုးနှင့် ကျွန်တော်တို့က အပတ်တိုင်း တွေ့ဖြစ်ကြသည်တော့မဟုတ်။ ကျွန်တော်တို့က တစ်ပတ်လျှင် နှစ်ရက်၊ ကျောင်းပိတ်ရက်မှလာသလို အဘိုးကလည်း လေးငါးရက်တစ်ကြိမ်လောက်သာ လာခြင်းဖြစ်၏။

အဘိုးအမည်မှာ ဦးငွားစာဟု သိရသည်။ လီဆူအမျိုးသားကြီး ဖြစ်သည်။ အသက်ခုနစ်ဆယ်ပင်ကျော်လုပြီ ထင်ပါ၏။ အဘိုးတစ်ခေါင်းလုံး ဆံပင်တွေဖွေးဖွေးဖြူနေပြီ။ ကိုယ်ခန္ဓာကမူ ပိန်ပိန်ပါးပါးထဲကဖြစ်ပြီး အရိုးအရေများလျော့တွဲနေခြင်းမျိုးမရှိဘဲ ကျစ်လစ်မာကျောဆဲဖြစ်တာကို တွေ့ရသည်။ ကျွန်တော်တို့က အသားတော၊ထင်းတောသို့ အသွားဆိုလျှင် အဘိုးက ကျွန်တော်တို့နှင့် ဆန့်ကျင်ဘက်အရပ်မှ မြို့သို့အလာ ဆုံတွေ့ရတတ်ခြင်းဖြစ်သည်။

ကျွန်တော်တို့က အသွားခရီးမို့ အလေးအပင်များမပါဘဲ ပေါ့ပေါ့ပါးပါးနေတတ်ပြီး အဘိုးမှာတော့ ဝန်စည်စလယ်များသော ပလိုင်းကြီးတစ်လုံးကို နဖူးသိုင်းကြိုးမှတစ်ဆင့် ကျောတွင်လွယ်ပိုးကာ တောင်ကြောရှည်သော ကုလားအော်အတက်ကြီးကို ဇိုက်စိုက်ဇိုက်စိုက်နှင့် ဖြည်းညင်းနှေးကွေးစွာ တက်လာတတ်တာကို တွေ့ရလေ့ရှိသည်။ အဘိုး၏ ပလိုင်းခြင်းထဲတွင် ဝါးဖြင့်ရက်လုပ်ထားသည့် ဆန်ကော၊ ဆန်ခါ၊ စောကူ(မြေစာများ ခပ်ထည့်သယ်ယူနိုင်သည့် ဒေသသုံးဝါးခြင်းအသေးတစ်မျိုး) လို လက်မှုပစ္စည်းကလေးတွေနှင့် ခြံထွက်အသီးအရွက်ကလေးတွေ စုံစီနဖာ ပါလာတတ်သည်။ အဘိုးသည် နံနက်စောစော သူ့ခြံကလေးမှ ပြင်ဆင်ထုပ်ပိုးလာပြီး မြို့ဈေးအမီ သွားရောင်းခြင်းဖြစ်သည်ဟု သိရ၏။

ကြိမ်ဖန်များစွာတွေ့လာရသောအခါ အဘိုးနှင့်ကျွန်တော်တို့မှာ မျက်မှန်းတမ်းမိရုံမျှမက ရင်းနှီးသော အဆင့်သို့ရောက်လာကြသည်။ ကျွန်တော်တို့က ပါလာသည့် အချဉ်ထုပ်များ၊ မုန့်များကျွေးသော်လည်း အဘိုးသည် မစားချေ။ ကျွန်တော်တို့ကို ပြုံး၍သာ ကြည့်နေရှာသည်။ အဘိုးက ငှက်ပျောသီးလို သဘော်သီးမှည့်လို ခြံထွက်အသီးအနှံများ ပြန်ပေးတတ်သည်။

အဘိုး၏ဇနီးမှာ ကျန်းမာရေးမကောင်းသဖြင့် အိမ်မှာပင် အနေများကာ အဘိုးတို့တွင် သားထောက်သမီးခံလည်းမရှိကြဘဲ လင်ကိုယ်မယားသာရှိကြောင်း သိရ၏။ အဘိုးကို ကျွန်တော် တို့ သတိထားမိသောတစ်ချက်မှာ အခါပေါင်းများစွာတွေ့နေရသော်လည်း အဘိုးခြေထောက်တွင် တစ်ကြိမ်သော်မျှ ဖိနပ်စီးထားသည်ကို မတွေ့ရခြင်းပင်ဖြစ်၏။

အဘိုးသည် သည်တောသည်တောင်သည်ခရီးလမ်းကို ဖိနပ်မပါဘဲ ဘယ်လောက်တောင် နှစ်ကာလရှည်ကြာစွာ လျှောက်ခဲ့လေသည်မသိ။ အဘိုးခြေထောက်နှင့် ခြေဖဝါးတို့သည် ကျားလျှာနှယ်ကြမ်းရှ၍ ကျောက်စိုင်ကျောက်သားများကဲ့သို့ မာကျောနေလေပြီလား။

ထိုထိုသောအကြောင်းတို့ကြောင့် အဘိုးကိုစာနာသနားစိတ်ဖြင့် ကြက်ပေါင်ဖိနပ်ကောင်းကောင်းကလေးတစ်ရန်ဝယ်ပေးဖို့ ကျွန်တော် ရည်သန်ကြိုးစားခဲ့ခြင်းဖြစ်သည်။

(၃)

ကုလားအော်အတက် အလယ်ခေါင်ရှိ ဖက်ဝင်းပင်ကြီးတစ်ပင်အောက်တွင် ထိုင်၍နားနေကြစဉ် အဘိုးကို ကျွန်တော် ဖိနပ်ကလေးပေးလိုက်သည်။ အဘိုးက သာသာကြည်ကြည်ယူပြီး သူ့ပလိုင်းခြင်းကလေးထဲ ထည့်လိုက်သည်။ အသစ်ကလေးမို့ မစီးရက်သေးလို့ထင်ပါရဲ့ဟု ကျွန်တော် အောက်မေ့မိသည်။

တောင်ကြောပေါ်သို့ တရွေ့ရွေ့တက်သွားလေသော အဘိုးကိုယ်ခန္ဓာ၏ မြေကြီးနှင့်အနီးဆုံး အစိတ်အပိုင်းသည် အဘိုး၏ခြေဖဝါးသာ ဖြစ်ပါလိမ့်မည်။ ထိုခြေဖဝါးအတွက် အခုအခံတစ်ခုကို ပေးလိုက်နိုင်ပြီဟု ကျွန်တော် ထင်မိသည်လေ။

(၄)

ပထမအစမ်း စာမေးပွဲကြီးနီးလာသဖြင့် ကျွန်တော်တို့ တောမတက်ဖြစ်ကြတော့။ အစောပိုင်းရက်များတွင် အဘိုးကို သတိရသလို ဖြစ်မိသေးသော်လည်း စာမေးပွဲကြီးနီးလာသည်နှင့်အမျှ ကျွန်တော့်သတိရစိတ်တို့သည် အဘိုးထံမှ အာရုံပါးလျလာခဲ့၏။

စာမေးပွဲမဖြေခင် နှစ်ရက်အလိုတွင် အမေက ကျွန်တော့်ကို စီတီဇင်ဓာတ်ခဲနာရီကလေးတစ်လုံး ဝယ်ပေးသည်။ လေးထောင့်မကျတကျ ရှည်ရှည်သွယ်သွယ်နာရီအိုးတွင် စတီးကြိုးကလေးနှင့် အလွန်လှပါသည်။ သို့သော် မပတ်ဖြစ်ဘဲ ကျွန်တော် သိမ်းထားလိုက်သည်။ ကျွန်တော့်တွင် ကက်စီရိုနာရီအမည်းကလေးရှိနေသောကြောင့်ဖြစ်သည်။ ထိုနာရီလေးမှာ ဟောင်းနွမ်းနေပြီဖြစ်သော်လည်း ကျွန်တော်နှစ်ခြိုက်စွာ အသုံးပြုနေဆဲဖြစ်သည်။ အမေက ကျွန်တော့်နာရီအဟောင်းကလေးကို အသစ်နှင့် လဲလှယ်ရန်အချိန်ကျပြီဟု တွေးဆ၍ စေတနာကောင်းဖြင့် ဝယ်ပေးခြင်းဖြစ်ပါလိမ့်မည်။

သို့သော် ကျွန်တော့်အနေနှင့်မူ နာရီထက် ဘောလုံးကန်ဖိနပ်အသစ်တစ်ရန်ကို ပိုမိုလိုလားနေခြင်းဖြစ်ကြောင်း အမေ့ကို ပြောမပြဖြစ်တော့ပါ။

(၅)

ပထမအစမ်းစာမေးပွဲကြီးအပြီးတွင် ကျွန်တော်တို့၏ ရက်သတ္တပတ်များသည် သမားရိုးကျဆန်စွာပင် ပြန်လည်လှုပ်ရှားလာရပြန်သည်။

ဘာဂါးရွာအထွက်ကလေးမှာသာ ရှိသေး၏။ ဖိုးဆောင်းခြေထောက်ကို ငုတ်ထိုးမိသွားသည်။ ငုတ်ဆိုသည်ထက် ဝါးကြောရှသွားခြင်း ဖြစ်သည်။ အကြောင်းတစ်မျိုးမျိုးဖြင့် မြေကြီးထဲနစ်ဝင်နေသော

စာမျက်နှာ ၂၅ သို့ ➤

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၉၆၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၉၆၉၉ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၄၅၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၆၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဖူးစားပြောင်းဧက ၂၀၀၀၀ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးနေပါတယ်။ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းစိုက်တောင်သူများ အနေဖြင့် ယခုထက် ပိုမိုစိုက်ပျိုးနိုင်ပါက အထွက်နှုန်း ပိုမိုတိုးတက်ရရှိပြီး ဝမ်းစာဖူလုံမှုရှိမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ခြင်းဖြင့် လူမှုစီးပွားဘဝတိုးတက်လာနိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နှံကားစပါးတင်းရေ ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း နှံကားစပါးတင်းရေ ၈၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဦးဆန်းဆန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာအတွင်းက နှံကားစပါးတင်းရေ ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက် ထိ နှံကားစပါးတင်းရေ ၈၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် အရောင်းအဝယ်ကောင်းသော စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း နှံကားစပါးတင်းရေ ၈၆၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျုံပျော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံကားစပါးအမျိုးအစားက အကြမ်း အုပ်စုထဲမှာပါတဲ့စပါး အမျိုးအစားဖြစ်ပါတယ်။ အကြမ်း ဆိုပေမဲ့လဲ အခြေခံလူတန်းစားတွေ ပိုမိုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့ စပါးဖြစ်ပါတယ်။ နှံကားစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ တင်ပို့ ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟုပွဲရုံပိုင်ရှင် ဦးဆန်းဆန်းက ပြောပြသည်။

**ကျော်ကျော်လင်း**

➢ စာမျက်နှာ ၂၄ မှအဆက်

ဝါးငုတ်သည် အက်ကွဲ၍ အကြောမြောင်းများပေါ်ကာ ခွဲသွားကဲ့သို့ မြည့်နေခြင်း ဖြစ်သည်။ ထိုအသွားကိုမှ ဖိုးဆောင်းက ခြေသန်းနှင့်ခတ်မိပြီး အသားပဲ့သွားခြင်းဖြစ်သည်။ နေက ကျွက်ကျွက်ဆူပူနေပြီး သွေးကဲ့လျက်ရှိသောကြောင့် ဖြစ်မည်ထင်၏။ ဖိုးဆောင်းခြေသန်းမှ သွေးတွေ ရဲခနဲ ဖြာကျလာသည်။

တော်ပါသေး၏။ မြို့ဈေးမှ ပြန်လာသော အဘိုးက ကျွန်တော်တို့ကို တွေ့သွားပြီး သူ့ခြံကလေးဆီ ဦးဆောင်ခေါ်သွားခဲ့သည်။

အဘိုးခြံသည် ဘာဂါးရွာ၏ အစွန်တွင်ရှိသည်။ ဘာဂါးရွာသည် ဂေါ်ရခါးရွာဟု အသိများသော်လည်း ဂေါ်ရခါးနှင့် လီဆူလူမျိုးများ ရောနှောနေထိုင်ကြခြင်း ဖြစ်သည်။ အဘိုးခြံကလေးသည် နေချင်စဖွယ်ဖြစ်၏။ ခြံထဲတွင် ရေထွက်ကလေးရှိသည်။ သိပ်အကျယ်ကြီး မဟုတ်သော်လည်း သီးပင်စားပင်ကလေးတွေ စုံစုံလင်လင်နှင့် စိုက်လို့ပျိုးလို့ကောင်းပုံရသည်။

အဘိုးက ဖိုးဆောင်းဒဏ်ရာကို သန့်ရှင်းအောင် အရင်ဆေးကြောပေးသည်။ ပြီးတော့ တောချဉ်ပေါင်နှင့် အကြောပေါင်းတစ်ထောင်ရွက်များကို ရောစပ်ကြိတ်နယ်၍ အဝတ်စသန့်သန့်ဖြင့် စည်းပေးလိုက်သည်။

အဘွားက ကျန်းမာရေး သိပ်မကောင်းရှာပါ။ နှလုံးအားနည်း၍ ပုံမှန်ဆေးသောက်နေရသည်ဟု သိရသည်။ အဘွားသည် မီးဖိုချောင်ကလေးထဲတွင် ကျွန်တော်တို့ကို ကျွေးမွေးရန်ထမင်းဟင်းများ ပြင်ဆင်ပေးထားလေသည်။

ကျွန်တော်သည် ရေသောက်ရန် အဘိုး၏ တဲကလေးအတွင်းသို့ ငုံ့ကိုင်း၍ ဝင်လိုက်သည်။ ဝင်းပသောနေရောင်ခြည်သည် အဘိုးတဲကလေးအတွင်း၌ လွတ်လပ်စွာ ပြေးလွှားနေသည်။ ကျွန်တော်သည် ရေအိုးစင်ရှိရာ တဲနံရံတစ်လျှောက်မှ ဝါးတန်းကလေးပေါ်တွင် မစီးရသေးသည့် ဖိနပ်အသစ်ကလေးများစွာကို တွေ့လိုက်ရသည်။ ရုတ်တရက် ကျွန်တော် ဆွံ့အသွားပါသည်။ ထိုအထဲတွင် ကျွန်တော် ဝယ်ပေးထားသည့် ဖိနပ်ကလေးလည်း ပါနေပါသည်။

ကျွန်တော် လှည့်ကြည့်လိုက်သည်တွင် အဘိုးသည် မြို့မှဝယ်လာသည့် ပစ္စည်းများထဲမှ ဆေးကတ်ကလေးတစ်ကတ်ကို ထုတ်ကာ အဘွားကို ဆေးတိုက်နေပါသည်။ ထို့နောက် အဘိုးသည် ကျွန်တော့်ကို ပြုံးပြပါသည်။

"အဘိုးခြေထောက်က ဖိနပ်မပါဘဲ ကျင့်သားရနေတော့ စီးလဲမထူးပါဘူးကွယ်။ တကယ်တော့ အဘိုးအတွက် ဖိနပ်လဲ မလိုပါဘူး။ အဘိုးမြို့ကို ဈေးသွားသွားရောင်းနေတာကလဲ အဘိုးဇနီးအတွက် ဆေးဝယ်ပေးချင်လို့ပါ"

ကျွန်တော်သည် အဘိုး၌ ဖိနပ်မရှိခြင်းကို ကြီးစွာသောဒုက္ခဟု မြင်ခဲ့သည်။ အဘိုးကို ဖိနပ်ကလေးတစ်ရန်ပေးနိုင်ရန် ရည်သန်ကြိုးစားခဲ့သည်။ ကျွန်တော်တစ်ဦးတည်းသာ မဟုတ်။ အခြားသူများကလည်း အဘိုးကို ထိုသို့စာနာ၍ ဖိနပ်ကလေးတွေ ပေးခဲ့ကြတာဖြစ်ပါလိမ့်မည်။

အခု အဘိုးတွင် ဖိနပ်တွေ တစ်ရန်မျှမက ရှိခဲ့လေပြီ။

သို့သော် အဘိုးလိုနေတာသည် ထိုဖိနပ်များ မဟုတ်။

(၆)

တကယ်တော့ ကုလားအော်အတက်လို ဘဝခရီးရှည်ကြီးကို လျှောက်လှမ်းရန်အတွက် အဘိုးနှင့်အဘွား ကိုယ်တိုင်သည်ပင်လျှင် လိုက်ဖက်ညီသော ဖိနပ်ကလေးတစ်ရန် ဖြစ်၍နေလေသည်။

## မြန်မာ့သတ္တိ

\- သတ္တိက ဘာမထိ၊
သမိုင်းစဉ် ဘိုးဘွားတို့
တန်ခိုးအားကိုတည်၊
တိုက်ပွဲတိုင်း ရဲစိတ်ညီ
မြန်မာသည် သူရဲမျိုး၊
ရန်သူဆို မြေခအောင်
ခြေမွ ပေရိုး။

\- သတ္တိက ဘာမထိ၊
မျိုးဆက်တွေ အင်အားလည်း
ထင်ရှားပါသည်၊
အဖျက်များ တွန်းလှန်မည်
ညီညာစွာ အားမာန်ဖွဲ့၊
မြန်မာပြည်ဝန်းတစ်လျှောက်
လှမ်းထောက် နယ်လှည့်။

\- သတ္တိက ဘာမထိ၊
ပြည့်တွက်ဆို တစ်စက်မငေး
အသက်ပေးလို့ချီ၊
တို့ဇာတိ မြန်မာပြည်
ဖြာစည်ဖို့ အားမာန်ရင်း၊
ပြည့်ရန်စွယ် အမိုက်သရိက်ကို
တိုက်ခိုက်ဖယ်ရှင်း။

\- သတ္တိက ဘာမထိ၊
ဉာဏ် ပညာ ဝီရိယနဲ့
တိကျစွာ ချီ၊
ဇွဲစိတ်နဲ့ မာန်ပါတည်
မြန်မာပြည် ဇာနည်ဖွား၊
ခဲလေလျှင် ပွဲမကြောက်
အိုကွယ်...
ရဲရဲတောက်များ။ ။

**လွမ်းလေးကို (သရက်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# သဘောထား အင်အား

## ဇော်လေး

"We are all in the gutter
but some of us are
looking at the stars"

OSCAR WILDE (1854– 1900)
(Irish poet wit and dramatist)

**လူချင်းမတူ**

ကဗျာလင်္ကာဆိုတာက အသံနရီကာရန်၊ သဒ္ဒါလင်္ကာချိုသာငြိမ့်ညောင်းအောင် သီကုံးသလို အတ္တာလင်္ကာရသဘော အနက်အဓိပ္ပာယ်ကလည်း စာလုံးတစ်ခုချင်းရဲ့ အနက်ကောက်ယူခြင်းထက် ဂယက်အနက် တင်စားမှုဝင်္ကဝုတ္တိအလင်္ကာ စသဖြင့် အတွေးနဲ့ ဆက်ဖြည့်စဉ်းစားမှသာ ကဗျာဆရာရဲ့ ဆိုလိုရင်းကို ဖမ်းမိနိုင်တယ်။ သဘောကတော့ ကျွန်ုပ်တို့အားလုံးလိုလိုဟာ မကောင်းသော လူမှုရေး အခြေအနေ အထွေထွေထဲမှာပဲ ရှိနေကြတာတော့ မှန် ပါရဲ့တဲ့။ သို့ပေမဲ့လည်း လူတချို့ကတော့ (ညရဲ့ မှောင်မိုက်ခြင်း အမှောင်ကြီးကျနေတဲ့ အခြေအနေမျိုးပင် ဖြစ်စေဦးတော့) သူတို့ရဲ့ ခေါင်းတွေက ကောင်းကင်ဘက်ဆီမော့နေကြပြီး တဖျတ်ဖျတ် တောက်ပနေကြတဲ့ စိန်ကြယ်ပွင့်လေးများကို ကြည်ကြည်နူးနူး ကြည့်ရှုခံစားနေကြပါတယ်ဆိုတဲ့ (အနီးစပ်ဆုံး) မှန်းဆ နားလည်မိပါတယ်။ ကဗျာဖတ်သူရဲ့ အတွေးစိတ်ကူးခြင်း အတိမ်အနက်တော့ မတူနိုင်ပေမဲ့ လူတွေဟာ ရောက်ရှိနေကြတဲ့ အခြေအနေတစ်ရပ်မှာ အတူတကွ ဆင်းရဲပင်ပန်း အမှောင် ပိန်းပိန်းထဲမှာ ရောက်ရှိနေကြပေမဲ့လည်း ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ တွေဝေတွန့်ဆုတ်ခြင်းမရှိကြဘဲ ကောင်းကင်က ကြယ်ပွင့်လေးတွေကို မော်ကြည့်နေနိုင်တဲ့ လူတွေရဲ့ သဘောထားအမြင်ကိုလည်း သတိထားကြည့်လိုက်ပါလား။ သူတို့ရဲ့ စိတ်ထဲမှာက သန်းခေါင်ထက်ညဥ့်မနက်ပါဘူးဆိုတာ နားလည်ကြတယ်။ အမှောင်ဆုံးအချိန်တွေဟာလည်း ကုန်လွန်ပြီးဆုံးသွားကြဦးမှာပါပဲ။ သန်းခေါင်ကျော်လာရင်တော့ ရောင်နီလာဖို့ ပိုနီးလာပြီပေါ့။ အမှောင်တစ်လှည့်ပြီးရင် အလင်းတစ်လှည့် မုချရောက်လာမယ်ဆိုတာကို ကြိုမြင်ထားသူတွေက ဘာများစိတ်ပျက်၊ စိတ်ညစ်ဖြစ်နေမှာလဲ။ ကမ္ဘာကျော်တဲ့ ဟာသပြဇာတ်ရေးဆရာ၊ ကဗျာဆရာ၊ အော်စကာဝိုင်းရဲ့ နှစ်ကြောင်း၊ သုံးကြောင်း ကဗျာစာပိုဒ်လေးက ကြီးကြီးမားမား လူ့လောကရဲ့ လူတချို့ရဲ့ အံ့ဩလေးစားစရာကောင်းတဲ့၊ အတုယူသင့်တဲ့ **သဘောထား**မျိုး နှောင်နှစ်တစ်ရာကျော်မှ လူဖြစ်လာရမဲ့ ကျွန်တော်တို့ စာဖတ်သူ၊ စာရေးသူ၊ စာပေမြတ်နိုးသူများကို မီးမောင်းထိုး အသိပေးရေးသားသီကုံးခဲ့တာ ကျေးဇူးပါ။

**စာသမား**

ဒီလိုပါပဲ။ ယူတတ်သမျှ ရကြတာပါပဲ။ စိန်ကောင်းကျောက်ကောင်းဆိုတာ ပိဿာချိန်အများကြီးစီးဖို့ လေးလံဖို့ အရေးမကြီးပါဘူး။ ပတ္တမြားဆန်ကျိုး အဖိုးပြည်တန်ဆိုတဲ့ ဆိုရိုးစကားအရ ကြီးတာသေးတာ၊ လေးတာ၊ ပေါ့တာနဲ့ ရတနာကို တန်ဖိုးဖြတ်လို့မရသလို စာပေရဲ့တန်ဖိုး၊ လူရဲ့အရည်အသွေးတန်ဖိုးဆိုတာလဲ တန်ဖိုးသိမှတန်ဖိုးရှိကြပေတာဘဲ။

စိန့်ပီတာစဘတ်မြို့မှ လွန်ခဲ့တဲ့ ၇၃ နှစ် အချိန်ကာလ ၁၉၅၂ ခုနှစ် အောက်တိုဘာ ၇ ရက်မှာ မွေးဖွားခဲ့တဲ့ ပူတင် (Vladirmir Putin)ဆိုတဲ့ ရုရှားလူမျိုးတစ်ယောက်ရှိတယ်။ သူကတပ်မတော် အရာရှိငယ်တစ်ဦးအနေနဲ့ စစ်မှုထမ်းခဲ့ဖူးပုံရတယ်။ လုံခြုံရေး၊ ထောက်လှမ်းရေး၊ သူလျှိုလုပ်ငန်းမျိုးတွေလည်း အတွေ့အကြုံ ဖြတ်သန်းခဲ့ပုံရတယ်။ နိုင်ငံရေး၊ သံတမန်ရေး၊ ဆက်ဆံရေး၊ ဆက်သွယ်ပြောဆိုရေးသားတွေမှာလည်း တာဝန်ထမ်းခဲ့ရာမှာ ထူးခြားပြောင်မြောက်စွာ အောင်မြင်ခဲ့ပုံရပါတယ်။ နိုင်ငံရေးနယ်ပယ်ထဲရောက်လာတာ အနှစ် ၂၀ ကျော်မှာ ရုရှားနိုင်ငံရဲ့သမ္မတရာထူးလိုတာဝန်မျိုးကို (၅) ကြိမ် ငါးဆက် ရွေးချယ်တင်မြှောက်ခံခဲ့ရသူဖြစ်သည်။

မနှစ်က ၂၀၂၄ ရုရှားနိုင်ငံ သမ္မတရွေးကောက်ပွဲမှာလည်း တစ်ကမ္ဘာလုံးက မျှော်လင့်ထားပြီးဖြစ်တဲ့အတိုင်း (၅)ကြိမ်မြောက် နိုင်ငံတော်အကြီးအကဲ သမ္မတ ဖြစ်လာပြန်ပါတယ်။ လူထုထောက်ခံမဲ ၈၈ ရာခိုင်နှုန်းရခဲ့တာမို့ သူ့ရဲ့ခေါင်းဆောင်မှု ဩဇာရော ၊ အာဏာရော တော်တော်ခိုင်မာတယ်လို့ သိမြင်နိုင်ကြပါတယ်။

**❖ကောင်းမွန်ကြီးမြတ်တဲ့ လုပ်ငန်းဆောင်တာမျိုးကို အောင်မြင်ပြီးမြောက်ချင်တယ်ဆိုရင် လုပ်ဆောင်ရုံနဲ့တင်မရနိုင်ပါ။ စိတ်ကူးအိပ်မက်(ထက်သန်ဆန္ဒ၊ စွဲမြဲမှု)လည်းလိုပါတယ်။ ဒါပဲလား။ မကသေးပါဘူး။ စနစ်ကျတဲ့ စီမံချက်လည်းချမှတ်ရေးဆွဲဖို့ရာ လိုပါသေးတယ်။ ပြီးပြီလားဆိုရင် တစ်ခုရှိပါသေးတယ်။ အဲဒါက ယုံကြည်မှု သဘောထားပါပဲ။ စာရေးသူက ဆက်စဉ်းစားမိတာတစ်ခု သတိရလာပါတယ်။ ကြီးမားတဲ့လုပ်ငန်းကြီးမျိုး အောင်မြင်ရမယ်လို့ ယုံကြည်တဲ့သဘောထားရှိနေဖို့ဆိုတာက မိမိမှာ "လိပ်ပြာသန့်မှု ကိုယ်ကျင့်တရား သိက္ခာစောင့်စည်းမှု" လိုအပ်ပေတယ်။ ❖**

တစ်ဆင့်စကားကြားရဖတ်ရဖူးတာ ပြောချင်ပါတယ်။ ရုရှားဝတ္ထုရေးဆရာ၊ စာရေးဆရာ ဖြိုးဒေါ်ဒွေ့စတိုယက်စကီး(Fyodor Dostoevsky– 1821– 1881) ရဲ့ စာပေကို သူကဘယ်လောက်နှစ်သက်လေးစားတန်ဖိုးထားသလဲဆိုရင် " လူတွေကို အမျိုးအစားခွဲရရင် နှစ်မျိုးနှစ်စားပဲ ကွဲပြားခြားနားတယ်။ တစ်မျိုးက ဒွေ့စတိုယက်စကီးရေးတဲ့စာပေတွေကို ဖတ်ဖူးတဲ့လူနဲ့ မဖတ်ဖူးတဲ့လူ ဒီနှစ်မျိုးသာရှိတာပဲ" တဲ့။ တိုလည်းတိုတယ်၊ ရှင်းလည်း ရှင်းတယ်။ ပြတ်လည်း ပြတ်သားပါတယ်"

ဆက်ပြီးနားလည်အောင် စဉ်းစားကြည့်ရင်တော့ ရုရှားစာရေးဆရာ ဖြိုဒေါ်ဒွေ့စတိုယက်စကီးရဲ့ စာကောင်းပေကောင်းတွေကို ဖတ်ဖူးတဲ့လူတွေဟာ လူ့သဘော၊ လူ့သဘာဝကို မြင်တတ်ကြည့်တတ် စာနာတတ်လာပြီး အဆင့်တစ်ဆင့်မြင့်တဲ့ စာပေမြတ်နိုးသူတွေ ဖြစ်နေကြတယ်။ စာမဖတ်၊ ပေမဖတ် ဒွေ့စတိုယက်စကီးရဲ့ စာကောင်း၊ ပေကောင်းကို မမြင်ဖူး၊ မကြားဖူး၊ မဖတ်ဖူးသူတွေကတော့ လူသားပင်မှန်သော်လည်း စာကောင်းပေမွန်ဖတ်သူတွေလောက် အတွေးအမြင် အသိဉာဏ်မရှိကြဘူးလို့၊ စည်းခြားသတ်မှတ်လိုက်တဲ့ သဘောဘဲ။

**စာကောင်းပေမွန်**

ရုရှားသမ္မတပူတင်ရဲ့သဘောထားကို မဝေဖန်လိုပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ ကျော်က နတ်နွယ်ရေးခဲ့တဲ့ **"တက္ကသိုလ်နဲ့ပြင်ပကမ္ဘာ"**ဆိုတဲ့ စာအုပ်ကို တစ်ညလုံး မပြီးမချင်း လက်ကမချနိုင်ဘဲ ဖတ်ခဲ့မိတဲ့ မိမိဟာ မူရင်းရုရှားစာရေးဆရာ ဖြိုဒေါ်ဒွေ့စတိုယက်စကီး (၁၈၂၁–၁၈၈၁)ရေးတဲ့ ကမ္ဘာကျော်ဝတ္ထု ပြစ်မှုနှင့် ပြစ်ဒဏ် ( Crime and Punishment) ဝတ္ထုရှည်ကို မြန်မာလို မှီငြမ်းထားကြောင်း သိရတဲ့ အခါအံ့ဩမိတယ်။ (၁၉၈၀–၁၉၈၅) ဆီမှာ မြောက်ဥက္ကလာပ နွယ်နီလမ်းရှိ ဆရာနတ်နွယ် အိမ်သို့ အခေါက်ခေါက်၊အခါခါရောက်တဲ့အခါဆရာကြိုးစားပြီးဘာသာပြန်နေတဲ့ " **ကရာမာဇော့ ညီအစ်ကိုများ**" အင်္ဂလိပ်လို စာအုပ်ထူကြီးကို မြင်ခဲ့ ကြည့်ခဲ့ရဖူးတယ်။ ဆရာနတ်နွယ် မကွယ်လွန်မီ ပြီးစီးအောင် ဘာသာပြန်သွားခဲ့ပါရဲ့။ စာဖတ်ပရိသတ်များ အံ့အားသင့်ရလောက်အောင် ဝတ္ထုရှည်စာပေ အနုပညာ ပြောင်မြောက် ထူးခြားတာကို ဂန္ထဝင်စာပေလေ့လာခဲ့ကြသူများသိပြီးသားပါပဲ။

ဒွေ့စတိုယက်စကီးရဲ့စာကောင်းပေကောင်းတွေက စာဖတ်သမား ဗလာဒီမာပူတင်ဆိုတဲ့ ငယ်ငယ်က စစ်ဘက်အရာရှိ၊ သံတမန်၊ သူလျှို လုပ်ခဲ့သူမှ နိုင်ငံရဲ့ခေါင်းဆောင်သမ္မတဘဝ သူ့နိုင်ငံကို စီးပွားရေး၊ စစ်ရေး၊ သံတမန်ရေး၊ သိပ္ပံနဲ့ နည်းပညာခေတ်မီရေး တာဝန်များ တာဝန်ယူရာမှာ ခက်ခဲကြမ်းတမ်းစွာ၊ နိုင်ငံပေါင်း ၃၂ နိုင်ငံ ပါဝင်စုဖွဲ့ထားတဲ့ အင်အားကြီး NATOနိုင်ငံများနှင့် အမေရိကန် ဦးဆောင်တဲ့ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ ၃၂ ယောက် စုပေါင်းအားနဲ့ ထိပ်တိုက်ရင်ဆိုင် စစ်ခင်းနေတဲ့ (ခေတ်သစ်ဘက်စုံစစ်ပွဲအသွင်) ရုရှားခေါင်းဆောင်ရဲ့ ငယ်စဉ်က စာဖတ်ခဲ့ခြင်းကြောင့် ဦးနှောက်မသေးဘူးဆိုတာတော့ တစ်ကမ္ဘာလုံးက နားလည်ကြရတယ်။

**ယုံကြည်မှု**

လွန်ခဲ့တဲ့ နှစ် နှစ်ရာနီးပါးဆီက အနာတိုလီဖရန့် ( Anatole France ) ( ၁၈၄၄–၁၉၂၄) ဆိုတဲ့ ပြင်သစ်စာရေးဆရာကရေးခဲ့ဖူးပါတယ်။ ကောင်းမွန်ကြီးမြတ်တဲ့ လုပ်ငန်းဆောင်တာမျိုးကို အောင်မြင်ပြီးမြောက်ချင်တယ်ဆိုရင် လုပ်ဆောင်ရုံနဲ့တင်မရနိုင်ပါ။ စိတ်ကူးအိပ်မက် (ထက်သန်ဆန္ဒ၊ စွဲမြဲမှု)လည်းလိုပါတယ်။ ဒါပဲလား။ မကသေးပါဘူး။ စနစ်ကျတဲ့ စီမံချက်လည်းချမှတ်ရေးဆွဲဖို့ရာ လိုပါသေးတယ်။ ပြီးပြီလားဆိုရင် တစ်ခုရှိပါသေးတယ်။ အဲဒါက ယုံကြည်မှု သဘောထားပါပဲ။

စာရေးသူက ဆက်စဉ်းစားမိတာတစ်ခု သတိရလာပါတယ်။ ကြီးမားတဲ့လုပ်ငန်းကြီးမျိုး အောင်မြင်ရမယ်လို့ ယုံကြည်တဲ့သဘောထားရှိနေဖို့ဆိုတာက မိမိမှာ **"လိပ်ပြာသန့်မှု ကိုယ်ကျင့်တရား သိက္ခာစောင့်စည်းမှု"** လိုအပ်ပေတယ်။ အနာတိုလီဖရန့်က ပြောခဲ့ခြင်းမဟုတ်ပါဘူး။ စာရေးသူက စာဖတ်သူကို ဆက်လက်စဉ်းစားစေချင်တဲ့အချက်တစ်ခု၊ အရေးကြီးတယ်ထင်လို့ လေးစားစွာ တင်ပြခြင်းပါ။

ဇစ်ဇီဂလာ(Zig Ziglar –1926 – 2012) ဆိုတဲ့ နာမည်ကျော် ဘဝအောင်မြင်ရေးစာရေးဆရာကတော့ ဒီချက်အပေါ်သဘောထားမှန်ကန်စွာသုံးသပ်ရှုမြင်တတ်ရမယ်လို့ အကြံပြုတာတွေ့ရပါတယ်။ ထိပ်ဆုံးမှာတွေ့ကြမယ်။ (See You On The Top) စတဲ့ ကမ္ဘာကျော် အရောင်းရဆုံးစာအုပ်မျိုးတွေ ရေးသားခဲ့သူပေါ့။

**၁။ ထင်ရှားသောကိုယ်ပိုင်လက္ခဏာ (Identification)**
**၂။ အကျိုးများ (Benefits)**
**၃။ အတားအဆီးများ (Obstacles)**
**၄။ ကျွမ်းကျင်မှုများ ( Skills)**
**၅။ လူများ (People)**
**၆။ စီမံချက် ( Plan)**
**၇။ အချိန်စည်းမျဉ်း (Timeline)**

သဘောထားဆိုတဲ့ဝေါဟာရနှင့်ပတ်သတ်လို့ မြန်မာအဘိဓာန်မှာ **စိတ်နေစိတ်ထားခံယူချက်** ဆိုတာပဲ လိုရင်းရှင်းရှင်းလင်းလင်းတွေ့နိုင်ပါတယ်။ တိကျပါတယ်။ အင်္ဂလိပ်စာလုံး Attitude မှာတော့ အနက်အဓိပ္ပာယ်က သုံးနှုန်းရာနေရာ၊ အချိန်၊ အခြေအနေအလိုက် တော်တော်ပဲကွဲပြားနိုင်ကြောင်း တွေ့ရတယ်။ ဥပမာ– approach–feeling –manner. mind–set.position. stance. standpoint. thought .view. way of thinking .way of behaviour. စသည်ဖြင့် ပိုမိုကျယ်ပြန့်တဲ့ အနက်တွေနဲ့ တွေ့နိုင်ပါတယ်။

ကမ္ဘာကျော် အင်္ဂလိပ်ပြဇာတ်စာရေးဆရာ ဝီလျံရှိတ်စပီးယား (၁၅၆၁–၁၆၁၆) က သဘောထားနှင့်ပတ်သက်လို့ ဝါကျတစ်ကြောင်းတည်းနှင့် တိကျပြည့်စုံအောင်ရေးပြခဲ့ဖူးတယ်။

"Nothing is good or bad, but thinking made it so" ဘယ်အရာကမှကောင်းတယ်လည်း မဟုတ် ဆိုးတယ်လည်းမဟုတ်ပါဘူး။ သို့ပေမယ့် ဒါကိုကောင်းပါတယ်၊ ဆိုးပါတယ်၊ လုပ်နေတာက စိတ်မှ စဉ်းစားတွေးတောတဲ့အတိုင်းဖြစ်နေခြင်းပါ။

ဟုတ်ပေတာပဲ။ စိတ်သာရှင်စောဘုရားဟောပေါ့။ သဘောထားအမြင်ခေတ်ခံအရေးကြီးတဲ့ အဆုံးအဖြတ်ကျတာမှန်ပါ့ဗျာ။ ရှိဗ်ခဲရာ (Shiv Khera) ရေးတဲ့ သင်အောင်မြင်နိုင်တယ် (You can win) စာအုပ်ထဲမှာပါတဲ့ အောင်နိုင်သူနဲ့ ရှုံးနိမ့်သူတို့ရဲ့ ကွဲပြားခြားနားကြတဲ့ သဘောထားကြောင့် အနိုင်အရှုံးဟာ သူတို့ (ယူဆပုံတွေအရ) ဖြစ်ပေါ်လာကြပုံ ကြည့်လိုက်ပါ။

**အောင်နိုင်သူနဲ့ ရှုံးနိမ့်သူ**

- အောင်နိုင်သူက
  အဖြေဘက်မှာ အမြဲရှိတယ်။
  ရှုံးနိမ့်သူက
  ပြဿနာဘက်က အမြဲရှိတယ်။
- အောင်နိုင်သူမှာ
  အစီစဉ်တကျ အမြဲရှိတယ်။
  ရှုံးနိမ့်သူမှာ
  ဆင်ခြေအမြဲရှိတယ်။
- အောင်နိုင်သူက
  "ခင်ဗျားအတွက်
  ဆောင်ရွက်ပေးပါရစေလို့" ပြောတယ်။
  ရှုံးနိမ့်သူက
  "ဒါ..ငါ့အလုပ်မဟုတ်ဘူးလို့"ပြောတယ်"
- အောင်နိုင်သူက
  ပြဿနာတိုင်းရဲ့အဖြေကိုရှာတယ်။
  ရှုံးနိမ့်သူက
  အဖြေရှိပြီးသားကို ပြဿနာလုပ်တယ်။
- ဒီကိစ္စက ခက်တော့ခက်မယ်
  "ဒါပေမယ့် လုပ်ရင်ဖြစ်တယ်"လို့
  အောင်နိုင်သူက ပြောတယ်။
  "ဖြစ်တော့ဖြစ်တယ်၊
  ဒါပေမယ့် သိပ်ခက်တယ်လို့"
  ရှုံးနိမ့်သူကပြောတယ်။
- အမှားတစ်ခုခုကိုလုပ်မိရင်
  အောင်နိုင်သူက
- "ကျွန်တော်မှားသွားတယ်" တဲ့။
  ရှုံးနိမ့်သူ အပြစ်လုပ်မိရင်

စာမျက်နှာ ၂၇ သို့ ➤

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ခင်ဦး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို ခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၇၅၇၄ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုး ရာသီ၌ ခင်ဦးမြို့နယ်တွင် မတ်ပဲ ဧက ၇၂၄၀ စိုက်ပျိုးရန် လျာထား ပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၅၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ကြောင်း သိရသည်။



"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီ ခင်ဦးမြို့နယ်မှာ မတ်ပဲ ဧက ၇၂၄၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၅၇၄ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှု အနေနဲ့ လက်ရှိမှာ လျာထားဧက ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်း တွေကို မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ခင်ဦး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်၌ မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်ရရှိရေး အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

မတ်ပဲသီးနှံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုး နိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန် အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင် မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု နှင့် ဈေးကွက်လိုအပ်ချက်ဖြစ် သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွား ဘဝများလည်း မြင့်မားတိုးတက် လာမည်ဖြစ်သဖြင့် အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။ (၂၀၆)

➤ စာမျက်နှာ ၂၆ မှအဆက်

"ကျွန်တော့်အပြစ်မဟုတ်ဘူးလို့"ပြောတယ်။

- အောင်နိုင်သူက
"အခိုင်အမာအာမခံတယ်"
ရှုံးနိမ့်သူက
ကတိပေးတယ်။
- အောင်နိုင်သူတွေမှာ
စိတ်ကူးအိပ်မက်တွေရှိတယ်။
ရှုံးနိမ့်သူတွေမှာ
အကြံအဖန်တွေရှိတယ်။
- အောင်နိုင်သူတွေက
"လုပ်ကို လုပ်မှဖြစ်မယ်" တဲ့။
ရှုံးနိမ့်သူတွေက
"လုပ်ပြီးသားကလေးများရလိုက်ရင်"တဲ့
- အောင်နိုင်သူတွေက
အသင်းအဖွဲ့စိတ်ရှိတယ်။
ရှုံးနိမ့်သူတွေက
အသင်းအဖွဲ့နဲ့ ကင်းကွာတယ်။
- အောင်နိုင်သူတွေက
အကျိုးဘက်ကကြည့်တယ်။
ရှုံးနိမ့်သူတွေက
အဆိုးဘက်က ကြည့်တယ်။
- အောင်နိုင်သူတွေက
ဖြစ်နိုင်တာကိုပဲ မြင်တယ်။
ရှုံးနိမ့်သူတွေက
ပြဿနာတွေကိုပဲ မြင်တယ်။
- အောင်နိုင်သူတွေက
သူလည်းအောင် ကိုယ်လည်းအောင်။
ရှုံးနိမ့်သူတွေက
သူတစ်ပါးနိမ့်ပါးပြီး ကိုယ်အသာစီးဖို့
ယုံကြည်တယ်။
- အောင်နိုင်သူတွေက
ရှေ့မှာဖြစ်လာနိုင်တဲ့အလားအလာ
တွေကိုမြင်တယ်။
ရှုံးနိမ့်သူတွေက
အတိတ်ကိုပဲ ကြည့်တယ်။
- အောင်နိုင်သူတွေက
အပူတွေကိုထိန်းညှိပေးတဲ့
သာမိုစတက်နဲ့ တူတယ်။
ရှုံးနိမ့်သူတွေက
အပူချိန်တိုင်းတဲ့ သာမိုမီတာနဲ့တူတယ်။
- အောင်နိုင်သူက
ပြောသလိုလုပ်တယ်။
ရှုံးနိမ့်သူက ပြောသလိုမလုပ်ဘူး။
- အောင်နိုင်သူတွေက
အငြင်းသန်ပေမဲ့အပြောအဆိုနူးညံ့တယ်။
ရှုံးနိမ့်သူတွေက
ခံမပြောနားမထောင်
အပြောအဆိုကြမ်းတယ်။
- အောင်နိုင်သူတွေက
တန်ဖိုးထားရမဲ့အရာတွေကို ခိုင်မာစွာ
စွဲကိုင်ပြီး အသေးအဖွဲကိစ္စတွေကို
အလျော့အတင်းရှိတယ်။
ရှုံးနိမ့်သူက အသေးအဖွဲကိစ္စကို
ဇီဇာကြောင်ပြီးတန်ဖိုးထားရမှာကို
ကြုံသလိုလုပ်တယ်။
- အောင်နိုင်သူက
"ကိုယ့်ကို သူများကလုပ်ရင်
မကြိုက်တဲ့အလုပ်မျိုးကို
သူတစ်ပါးကိုလည်း ကိုယ်ကမလုပ်နဲ့"
ဆိုတဲ့ ကိုယ်ချင်းစာတရားရှိတယ်။
ရှုံးနိမ့်သူက
"ကိုယ်ကဦးအောင်တွယ်ထားမှ" ဆိုတဲ့
သဘောတရားကို လိုက်နာတယ်။
- အောင်နိုင်သူက
ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တယ်။
ရှုံးနိမ့်သူက ဖြစ်သလိုပဲနေတယ်။
အောင်နိုင်သူတွေက
အောင်နိုင်ဖို့အတွက်
အကွက်ချပြင်ဆင်တယ်။
သော့ချက်ကျတဲ့ စကားလုံးကတော့
''ကြိုတင်ပြင်ဆင်မှု သဘောထားပါပဲ''

# ဖြူးမြို့နယ် မြင်ပင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူ ခရိုင် ဖြူးမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က မြင်ပင်ကျေးရွာ၌ ပဉ္စမအကြိမ် မြောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)မှ ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြင်ပင် ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူ များ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP)ရန်ပုံငွေ ကြီးကြပ် မှုကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက် များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရ မည့် စည်းကမ်းသတ်မှတ်ချက်များ ကို ရှင်းလင်းပြောကြားပြီး မြို့နယ် ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၀ ဒသမ ၄၅ သန်း ကျေးရွာမတည် ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင် များထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ မြင်ပင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် သူ ၈၂ ဦးကို ငွေကျပ် ၂၂ ဒသမ ၆၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၄၀ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# လဲချားမြို့နယ် ဝမ်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လဲချား ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက နားပန်းကျေးရွာ အုပ်စု ဝမ်ကုန်းကျေးရွာရှိ ကျေးလက်ရေရရှိရေး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် လွိုင်လင်ခရိုင် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လဲချား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးထွန်းထွန်းနှင့် အင်ဂျင် နီယာဝန်ထမ်းများက ဝမ်ကုန်း ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာ သူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ ကာ ရေပိုက်လိုင်းများကို ရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ကြရန်နှင့် ရေပေးဝေရေးနည်းစနစ် မှန်ကန်စွာ သုံးစွဲနည်းတို့ကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ဝမ်ကုန်းကျေးရွာ၌ အရှည် နှစ်မိုင် လေးဖာလုံရှိ ရေပိုက် သွယ်တန်းခြင်းလုပ်ငန်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက် ခြင်းလုပ်ငန်း၊ ရေတားတမံ တည် ဆောက်ခြင်းလုပ်ငန်း၊ ရေပိုက် သွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ ဖြင့် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း လဲချားမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ သိရသည်။

ချိုသန်းညွန့်

# အထင်နှင့်အမြင်လွဲမှားခဲ့သည့် ဆီးရီးယားပြည်သူများ

သန်းထွန်းဝင်း(အညာမြေ)

ဆီးရီးယားနိုင်ငံသည် နှစ်ပေါင်း ၃၀ ကျော်ကြာ ဘာရှာအာဆတ်မျိုးဆက်အုပ်ချုပ်မှုကို ၂၀၁၁ ခုနှစ်တွင် စတင်ဆန့်ကျင်ရာမှ ပြည်တွင်း၊ ပြည်ပသွေးထိုးမြှောက်ပင့်မှုများကြောင့် ပြည်တွင်းစစ်အဖြစ်သို့ သက်ဆင်းခဲ့ရသည်။ အစိုးရဆန့်ကျင်ရေးအမည်နာမ အမျိုးမျိုးတပ်၍ဖွဲ့စည်းခဲ့သော လက်နက်ကိုင် သောင်းကျန်းသူများသည် သူတစ်လူ၊ ငါတစ်မင်းဖြင့် ထင်တိုင်းကြဲရန်ကြိုးပမ်းစဉ် အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)ပေါ်ပေါက်ပြီး သမိုင်း၌ အဆိုးရွားဆုံးတိုက်ခိုက်မှုများ ဖြစ်ပေါ်လာကာ ပြည်သူအချင်းချင်းသတ်ဖြတ်ခြင်း၊ လက်နက်ကိုင်အုပ်စုအချင်းချင်းတိုက်ခိုက်ခြင်းဖြင့် နိုင်ငံပျက်အဆင့်နီးပါးဖြစ်ခဲ့ရသည်။ ၂၀၁၇ ခုနှစ်နောက်ပိုင်း ၎င်းအဖွဲ့များ၏ တိုက်ခိုက်မှုများနည်းပါးလာပြီး ပြန်လည်တည်ဆောက်ရေးလုပ်ဆောင်ရန် အစပျိုးချိန်တွင် အာဆတ်အစိုးရပြုတ်ကျကာ Hayat Tahrir al-Sham(HTS) ဦးဆောင်သော ပုန်ကန်သူတပ်ဖွဲ့များ အစိုးရကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်က ထိန်းချုပ်ခဲ့သည်။

**ဆီးရီးယားပြည်သူတို့၏ မျှော်လင့်ချက်**

အစိုးရပြုတ်ကျပြီးပါက ပြည်သူများကိုယ်တိုင် အုပ်ချုပ်ပြီး နိုင်ငံအေးချမ်းလိမ့်မည်ဟု ယူဆခဲ့ကြသည်။ အစိုးရအား ထိန်းချုပ်မှုကို ဆီးရီးယားပြည်သူများက အောင်ပွဲတစ်ရပ်ပမာ ကျင်းပခဲ့သည်။ နိုင်ငံတကာနှင့် ဆက်ဆံရေးထူထောင်ပြီး စီးပွားရေးနှင့် လူမှုရေးအခွင့်အလမ်းများလည်းရရှိမည်ဟု မျှော်လင့်ကြသည်။ အစိုးရကို တော်လှန်ဆန့်ကျင်ရန် အားပေးအားမြှောက်ပြုခဲ့သည့် ပြည်ပနိုင်ငံများက အလုံးစုံပံ့ပိုး၍ နိုင်ငံကို နေ့ချင်း၊ ညချင်း ကြီးပွားတိုးတက်စေလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ နိုင်ငံအတွင်း လက်နက်ကိုင်တိုက်ခိုက်မှုများ အဆုံးသတ်ကာ ပြည်သူတို့ အေးချမ်းစွာနေထိုင်ရမည်ဟုလည်း ယုံကြည်နေကြသည်။ သို့သော်လည်း ထိုသို့ မျှော်လင့်ချက်တသီတတန်းဖြင့် ပျော်ရွှင်မဆုံးဖြစ်နေစဉ် ဆီးရီးယားပြည်သူတို့သည် မျှော်လင့်မထားသည့် အန္တရာယ်ကို စတင်ရင်ဆိုင်လာရသည်။

**အမေရိကန်တို့၏ တိုက်ခိုက်မှု**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် အမေရိကန်နိုင်ငံ၏ အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်သည် ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)၏ ပစ်မှတ်များကို တိကျစွာလေကြောင်းတိုက်ခိုက်မှုများစွာပါဝင်သည့် အကြီးစားစစ်ဆင်ရေးတစ်ခုပြုလုပ်ခဲ့သည်။ အကြမ်းဖက်အဖွဲ့အစည်းကို နှောင့်ယှက်ရန်၊ အားနည်းစေရန်၊ ချေမှုန်းရန် ရည်ရွယ်သည့် ဤစစ်ဆင်ရေးသည် စစ်ဆင်ရေးစခန်းများ၊ ကွပ်ကဲမှုစင်တာများနှင့် အဓိကပံ့ပိုးပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများအပါအဝင် နေရာ ၇၅ ခု ကျော်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ B-52 ဗုံးကြဲလေယာဉ်များ၊ F-15 တိုက်လေယာဉ်များနှင့် A-10 အနီးကပ်လေကြောင်းပစ်ကူပေး လေယာဉ်များကဲ့သို့သော ဝေဟင်စနစ်အမျိုးမျိုးကို ဖြန့်ကြက်ချထားပြီး ဒေသအတွင်း အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)များ နယ်မြေထိန်းချုပ်မှုမရရှိစေရေး ဟန့်တားရန်ဖြစ်သည်ဟုဆိုသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုများသည် ဆီးရီးယားအလယ်ပိုင်းရှိ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)တို့၏ တည်နေရာများကို အဓိကပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး အထူးသဖြင့် အကြမ်းဖက်အဖွဲ့လှုပ်ရှားလျက်ရှိသည့် နေရာများကိုထိန်းသိမ်းထားသည့် ဟွမ်းစ်နှင့် ဒီယာအီဇော ပြည်နယ်တို့တွင်ဖြစ်သည်။ သဲကန္တာရနှင့် တောင်ထူထပ်သော မြေမျက်နှာသွင်ပြင်လက္ခဏာများရှိနေသည့် အဆိုပါနေရာများသည် အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)တိုက်ခိုက်ရေးသမားများအတွက် ခိုအောင်းရာနေရာများကို ပံ့ပိုးပေးပြီး စစ်ဘက်စစ်ဆင်ရေးများကိုရှုပ်ထွေးစေကာ တိကျသောပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည်။

Hayat Tahrir al-Sham (HTS) ဦးဆောင်သော ပုန်ကန်သူတပ်ဖွဲ့များ၏ တိုက်ခိုက်မှုအရှိန်အဟုန်ဖြင့် ဘာရှာအာဆတ်အစိုးရ ပြုတ်ကျသွားခြင်းသည် ဆီးရီးယားပဋိပက္ခ၏အခင်းအကျင်းကို ပြန်လည်သတ်မှတ်လာခဲ့သည်။ ဤမတည်ငြိမ်သောအခြေအနေတွင် အမေရိကန်အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်သည် ပိုမိုကျယ်ပြန့်သော မစ်ရှင်တစ်စိတ်တစ်ပိုင်း



ပြည်တွင်းပဋိပက္ခကြောင့် နေအိမ်စွန့်ခွာရသည့် ဆီးရီးယားပြည်သူများကို တွေ့ရစဉ်။

အနေဖြင့် အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်၍ ၎င်း၏လှုပ်ရှားမှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။ ဆီးရီးယားတွင် အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)များ ပြန်လည်စုဖွဲ့ပြီး လက်ရှိအခြေအနေများကို အခွင့်ကောင်းယူခွင့်ပြုမည်မဟုတ်ကြောင်းပြောကြားကာ အမေရိကန်အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်ချုပ်ကြီး မိုက်ကယ်အီရစ်ကူရီလာက အကြမ်းဖက်မှုကို တိုက်ဖျက်ရာတွင် အမေရိကန်တပ်ဖွဲ့များ၏ ဆုံးဖြတ်ချက်ကို အလေးပေးပြောကြားခဲ့သည်။

အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)၏ အခြေခံအဆောက်အအုံများကိုဖျက်သိမ်းမည့် ချဉ်းကပ်မှုသေချာစေရန် အမေရိကန်နိုင်ငံ၏ ဒေသတွင်းလုပ်ဖော်ကိုင်ဖက်များသည် ဤစစ်ဆင်ရေးတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဆီးရီးယားတွင် ပြည်တွင်းမိတ်ဖက်များသည် အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)ကို တိုက်ဖျက်ရန်နှင့် လွတ်မြောက်နယ်မြေများတည်ငြိမ်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ၎င်းတို့အနက် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့သည် မြေပြင်တွင် အမေရိကန်တပ်ဖွဲ့များ၏ အနီးကပ်ဆုံးမဟာမိတ်များအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ကြီးစိုးထားသည့် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့သည် အမေရိကန်လေကြောင်းပံ့ပိုးမှုဖြင့် မြေပြင်စစ်ဆင်ရေးများ လုပ်ဆောင်ကာ လွတ်မြောက်နယ်မြေများတွင် ကြွင်းကျန်နေသော အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS) လှုပ်ရှားမှုများကိုတိုက်ခိုက်ရန်အတွက် အရေးပါသောထောက်လှမ်းရေးများ ပံ့ပိုးပေးလျက်ရှိသည်။

အထူးသဖြင့် ဒေသတွင်း အာရပ်မျိုးနွယ်စုများသည်လည်း ဒီယာအီဇောပြည်နယ်နှင့် ရက်ကာဒေသတို့တွင် မရှိမဖြစ်လိုအပ်သောမိတ်ဖက်များဖြစ်သည်။ ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့များ အတူလုပ်ဆောင်ခြင်းဖြင့် ဤလူမျိုးစုများသည် တည်ငြိမ်မှုကိုထိန်းသိမ်းရန်၊ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)များ၏ လှုပ်ရှားမှုများကို သတင်းပို့ရန်နှင့် အပြန်အလှန်တင်းမာမှုများကို လျှော့ချရန်ကူညီပေးလျက်ရှိသည်။ ၎င်းတို့၏ ပါဝင်ပတ်သက်မှုသည် လူမျိုးရေးမတူကွဲပြားမှုနှင့် ကာလရှည်ကြာပဋိပက္ခများဆောင်သည့်ဒေသတွင် ဒေသခံထိန်းချုပ်မှုကို အားကောင်းစေသည်။

**အစ္စရေးတို့၏ ဝင်ရောက်တိုက်ခိုက်မှု**

အစ္စရေးစစ်လေယာဉ်များက ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း တာတပ်စ်ပြည်နယ်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နှင့် ဒီဇင်ဘာ ၁၆ ရက်တွင် လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ အနည်းဆုံးစစ်ဘက်ဆိုင်ရာ ပစ်မှတ် ၁၈ ခုကို ထိမှန်ခဲ့သည်ဟု စစ်ဘက်လေ့လာစောင့်ကြည့်သူတစ်ဦးက ပြောကြားခဲ့သည်။ ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် မျက်မြင်သက်သေများ၏အဆိုအရ အစ္စရေး၏တိုက်ခိုက်မှုများသည် အလွန်အမင်းပြင်းထန်သောကြောင့် တာတပ်စ်ဒေသတွင် ပြင်းအား ၃ မဂ္ဂနီကျုရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်သည်ဟူသည့် ငလျင်ထောက်လှမ်းမှုစနစ်များက မှတ်တမ်းတင်ခဲ့ပြီး ကြီးမားသောမီးလောင်ကျွမ်းမှုနှင့် ပေါက်ကွဲမှုများကို အွန်လိုင်းဗီဒီယိုများတွင် ပြသခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ဘာရှာအာဆတ်အစိုးရ ပြိုလဲသွားပြီးကတည်းက ဆီးရီးယားနိုင်ငံအတွင်း အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှု စုစုပေါင်းအရေအတွက် ၄၇၃ ခုထိ ရှိလာခဲ့သည်ဟု စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားခဲ့သည်။

အစ္စရေး၏တိုက်ခိုက်မှုများသည် လေဆိပ်များ၊ ရေဒါစခန်းများ၊ လေကြောင်းရန်ကာကွယ်ရေးအပါအဝင် ကျယ်ပြန့်သောလက်နက်များနှင့် ဒုံးကျည်စခန်းများ၊ ဆီးရီးယားခေါင်းဆောင်ဟောင်းများနှင့် ဆက်စပ်နေသည့် စစ်ဘက်ဆိုင်ရာအခြေခံအဆောက်အအုံအကြွင်းအကျန်များကို ဖျက်ဆီးရန်ဖြစ်သည်။

**ပြင်သစ်တို့၏ တိုက်ခိုက်မှု**

ပြင်သစ်လေတပ်ဖွဲ့များသည် ဆီးရီးယားနိုင်ငံအလယ်ပိုင်းရှိ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)များခိုအောင်းရာနေရာများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ပြင်သစ်တပ်မတော်ရေးရာဝန်ကြီးက ကြေညာခဲ့သည်။ အဆိုပါစစ်ဆင်ရေးသည် Rafale တိုက်လေယာဉ်များနှင့် Reaper ဒရုန်းတို့ကို အသုံးပြုခဲ့ပြီး ပြင်သစ်လေတပ်အခြေစိုက်စခန်းမှ ပျံသန်းလာသောလေယာဉ်သည် ထောက်လှမ်းရေးမှတစ်ဆင့် စိစစ်သတ်မှတ်ထားသောပစ်မှတ်များကိုတိုက်ခိုက်ခဲ့သည်။ ပြင်သစ်တပ်မတော်ရေးရာဝန်ကြီး ဆီဘက်ရှန်လီကော်နူ၏အဆိုအရ အဆိုပါစစ်ဆင်ရေးများသည် အီရတ်နှင့် ဆီးရီးယားရှိ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)များကို ချေမှုန်းရန်ရည်ရွယ်သည့် နိုင်ငံတကာညွန့်ပေါင်းအဖွဲ့အတွက် သိသာထင်ရှားသောပံ့ပိုးကူညီမှုကို ကိုယ်စားပြုသည်ဟုဆိုသည်။

ဘာရှာအာဆတ်အစိုးရ ပြုတ်ကျပြီးနောက် ဆီးရီးယားနိုင်ငံသည် လက်ရှိတွင် သိသာထင်ရှားသော အသွင်ကူးပြောင်းရေးကာလကို ရင်ဆိုင်နေရသည်။ ဤဖြစ်စဉ်သည် အမျိုးမျိုးသောအုပ်စုများကြား အာဏာပြိုင်ဆိုင်မှုများကြောင့် ပြင်းထန်သောနိုင်ငံရေးမတည်ငြိမ်မှုကို ဖြစ်ပေါ်စေခဲ့သည်။ Hayat Tahrir al-Sham (HTS) သည် ၎င်းတို့၏လက်နက်ကိုင်တပ်ဖွဲ့များကို အနာဂတ်စစ်ဘက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုအဖြစ် ပေါင်းစည်းမည့် ရည်ရွယ်ချက်ကို ကြေညာခဲ့သည်။ ရုရှားနှင့် အမေရိကန်တို့အပါအဝင် နိုင်ငံတကာပါဝင်သူများသည် ဒေသတွင်းနှင့် ဒေသဆိုင်ရာဒိုင်းနမစ်များကိုပုံဖော်ကာ နိုင်ငံအတွင်း မဟာဗျူဟာမြောက်တည်ရှိမှုကို ထိန်းသိမ်းထားသည်။ နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် အရေးပါသောစိန်ခေါ်မှုများနှင့်အတူ အခြေအနေမငြိမ်မသက်ဖြစ်နေဆဲဖြစ်သည်။

နိုင်ငံတကာညွန့်ပေါင်းအဖွဲ့သည် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့သော နိုင်ငံတကာစစ်ဘက်ညွန့်ပေါင်းအဖွဲ့ဖြစ်ပြီး အီရတ်နှင့် ဆီးရီးယားရှိ အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)ကို တိုက်ဖျက်ရန်အတွက် အမေရိကန်နိုင်ငံက ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံပေါင်း ၈၀ ကျော်နှင့်မိတ်ဖက်အဖွဲ့အစည်းများပါဝင်သော ညွန့်ပေါင်းအဖွဲ့သည် အီရတ်နှင့်ကဒ်တပ်ဖွဲ့များအပါအဝင် ဒေသတွင်းတပ်ဖွဲ့များကိုပံ့ပိုးနေစဉ် အစ္စလာမ္မစ်အစွန်းရောက်အကြမ်းဖက်အဖွဲ့(ISIS)၏ စစ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် စီးပွားရေးစွမ်းရည်များကို အားနည်းစေရန်နှင့် ဖျက်ဆီးရန်ရည်ရွယ်သည်ဟု ဆိုသည်။ ဆီးရီးယားတွင် ISIS အဖွဲ့နှိမ်နင်းမှု စစ်ဆင်ရေးများကို ၂၀၁၅ ခုနှစ်မှ စတင်လုပ်ဆောင်ခဲ့ပြီး ဒေသတွင်းရှိ ISIS အဖွဲ့၏ထိန်းချုပ်မှုကိုလျှော့ပါးစေရန် ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုများနှင့် အကူအညီပေးရေးမစ်ရှင်များပါဝင်ခဲ့သည်။ ညွန့်ပေါင်းအဖွဲ့သည် လွတ်မြောက်နယ်မြေများတည်ငြိမ်စေရန်နှင့် အကြမ်းဖက်အဖွဲ့ပြန်လည်ပေါ်ပေါက်လာမှုကိုဟန့်တားရန်အတွက် ဝေဟင်၊ မြေပြင်နှင့်ရေပြင်တစ်လျှောက်တွင် အဆင့်မြင့်နည်းပညာများနှင့် ပေါင်းစပ်ညှိနှိုင်းထားသော မဟာဗျူဟာများကို အသုံးပြုထားသည်။

ခြုံ၍ဆိုရလျှင် ဆီးရီးယားနိုင်ငံသည် အစိုးရဆန့်ကျင်ရေးရည်ရွယ်ချက်ဖြင့် မငြိမ်မသက်မှုမှ ပြည်တွင်းစစ်ထိကူးပြောင်းကာ ပြည်တွင်း၌ ထိခိုက်သေဆုံးမှုများစွာဖြစ်ပေါ်ခဲ့သည်။ ဆီးရီးယားပြည်တွင်းစစ်ကြောင့်ပဋိပက္ခဖြစ်ပွားကတည်းက လူဦးရေ ၆၁၇၉၀၀ ကျော်သေဆုံးကာ လူ ၆ ဒသမ ၇ သန်းကျော်သည် နေအိမ်စွန့်ခွာထွက်ပြေးရပြီး ၄ ဒသမ ၅ သန်းသည် ဆီးရီးယားနိုင်ငံမှ ထွက်ပြေးခဲ့ရသည်။ လူဦးရေ၏ လေးပုံတစ်ပုံဖြစ်သည့် ၄ ဒသမ ၅ သန်းကျော်သည်လည်း ဒုက္ခရောက်ခဲ့ကြရသည်။ သို့ဖြစ်၍ အထင်နှင့်အမြင်လွဲမှားခဲ့သော ဆီးရီးယားပြည်သူတို့သည် ဒုက္ခများနှင့် ဆက်လက်ရင်ဆိုင်နေရမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- France Conducts Airstrikes Against Daesh in Syria for First Time Since Assad's Fall, Armyrecognition.com, 31 Dec, 2024
- en.wikipedia.org/wiki/Syrian_civil_war

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၀-၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ (MyawadyWebportal(www. myawady.net.mm/Sgt(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၉-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီတစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊ အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင်စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့်အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသောတပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသောတပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍အောင်မြင်ပါက အောက်ပါအတိုင်းအဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူတပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး / စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၀-၃-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက် မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ(MyawadyWebportal(www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ်သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါလစာများ ခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံလစာ | အရည်အချင်းလစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍
ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....

# ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရက(၁)နေ မခင်ညွန့် (ဘ) ဦးဆန်းမူး (၁၃/လရန(နိုင်)၀၁၁၃၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၈၄၁၈၉၁၁

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၅)ရက်ကွက်(၇)နေ စိုင်းဆိုင်ခေး (ဘ) ဦးနေဝင်း(၁၃/လရန(နိုင်)၁၄၅၇၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၈၄၁၈၉၁၁

### ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ကုက္ကိုခါးလှကျေးရွာနေ မောင်နေလင်းဦး (ဘ) ဦးဆန်းရွှေ(၈/သရန(နိုင်)၁၁၀၇၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၆၀၈၂၃၈၅

## မွေးသက္ကရာဇ်အမှန်

ဦးဆွင်သက်ပြင်း (SWIN TET PYINT)၏သား မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာဂန္ဓာရုံ ဘ.က(၁)၊ ဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း(ခွဲ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဆဋ္ဌမတန်း (Grade-6)တွင် ပညာသင်ကြားနေသော မောင်ညီမင်းထက်၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ (၂၄.၁၀.၂၀၀၉) ဖြစ်ပါကြောင်း။ **မောင်ညီမင်းထက်(၂၄.၁၀.၂၀၀၉)**

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်နေ ရင်ဂျုံးချော (ဘ) ဦးရင်ကျားဖိန်(၁၃/ကခန(နိုင်)၀၄၈၈၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-706100)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၀၄၆၈၈၈

## ဝန်ထမ်းအလိုရှိသည်

| | |
|---|---|
| ၁။ ယာဉ်မောင်း + ဆိုင်ကူ | ကျား (၂)ဦး |
| ၂။ ဆိုင်ကူ | ကျား (၂)ဦး |
| ၃။ ဆိုလာ၊ အင်ဗာတာ၊ ငွေရေစက်ပြုပြင်ကျွမ်းကျင် | ကျား (၂)ဦး |
| ၄။ အရောင်းဝန်ထမ်း | မ (၂)ဦး |
| ၅။ ကွန်ပျူတာစာရင်းကိုင် | မ (၂)ဦး |

Excel ကျွမ်းကျင် + လုပ်ငန်းအတွေ့အကြုံရှိရမည်။

လစာ + ရက်မှန်ကြေး + Bonus + နှစ်ပြည့် Bouns ခံစားခွင့်ရှိပါသည်။ လိုအပ်သော စာရွက်စာတမ်းများ ယူဆောင်၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

Kedia Lights လျှပ်စစ်
အမှတ်(၂၈၃) ၈၁ လမ်း(၂၆x၂၇) မန္တလေးမြို့။

## အဖိုးတန် ရေချိုကို ချွေတာပါ

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...**

❖ **စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...**

❖ **တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...**

❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...**

❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။


**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံကူးလက်မှတ်အတုများဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တရားမဝင်အလုပ်သမားပို့ဆောင်သူများကို ဖမ်းဆီးရမိ




**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားလုံခြုံရေး ပူးပေါင်းအဖွဲ့သည် မြဝတီမြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ယာယီ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (TBP)ဖြင့် ထွက်ခွာမည့် သက်နန္ဒာဝင်းက ခေါ်ဆောင်လာသည့် တောင်တွင်းကြီးမြို့နယ်နေ မနှင်းအိဖြူပါ အမျိုးသမီးငယ်သုံးဦးအပါအဝင် မြန်မာလူငယ် ၁၁ ဦးထံမှ မြန်မာနိုင်ငံကူးလက်မှတ်အတု ၁၁ အုပ်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စိစစ်မေးမြန်းချက်များအရ ၁၁ ဦးအနက် မနှင်းအိဖြူပါကိုးဦးကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၇လမ်း(အထက်) ဒုတိယထပ် အမှတ်(၂၂၀)ရှိ One Asia အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ နွယ်နီလှိုင်မင်း၊

**စာမျက်နှာ ၂၂ ကော်လံ ၁ ☆**

**၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၃၃၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

**The Sentry ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို မက်ဆူယာမာ ဆွတ်ခူး**

စာမျက်နှာ- ၉

**ရှေးခေတ် အင်္ဂါဂြိုဟ်မီးတောင် ပေါက်ကွဲမှုများမှ ထွက်ပေါ်လာသည့် ကျောက်သားများက အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိများ ရှိ၊ မရှိ သဲလွန်စ ပေးနိုင်ဖွယ်ရှိ**

စာမျက်နှာ- ၇


Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



- ကုမ္ပဏီအခမ်းအနားများ
- ပြင်ပအစည်းအဝေးပွဲများ
- ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
- နှစ်ပတ်လည် အခမ်းအနားပွဲများအား

ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..